မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် တိုးတက်လိုသည့် နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်

နိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းဖြစ်၍ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်

စိုက်ပျိုးရေးကိုလုပ်ကိုင်ရင်း စက်မှုကဏ္ဍတိုးတက်အောင် လုပ်ဆောင်နိုင်ပါက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာတို့၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးနှင့် မျိုးစေ့ထုတ် စိုက်ခင်းများကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး (၃၆၉)ဧက အနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒေသခံ တောင်သူများနှင့်တွေ့ဆုံရာ နေပြည်တော်ကောင်စီဝင်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ပုလဲသွယ် စပ်မျိုးစပါး လေးမျိုး ယှဉ်ပြိုင်စိုက်ခင်းဧက (၁၀၀) အနီးရှိ ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ စိုက်ပျိုးထားသော အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး တောင်သူပညာပေး (၃၆၉)ဧက စိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဦးမြင့်ရွှေက နေပြည်တော် ရှစ်မြို့နယ်အတွင်း ပုလဲသွယ် စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုနှင့် လာမည့်နှစ်မိုးရာသီတွင် စိုက်ပျိုးမည့် လျာထားချက်အခြေအနေတို့ကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆည်ရေသောက်စနစ်များ ဆောင်ရွက်ထားရှိမှု၊ ရေပေးဝေမည့်အစီအစဉ်နှင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပုလဲသွယ်စပ်မျိုးစပါး၏ ဇီဝလက္ခဏာနှင့် ဖြစ်ထွန်းအောင်မြင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဧရာဟသ်ာကုမ္ပဏီများ ဆန်စပါးအထူးပြုကုမ္ပဏီမှ ဒါရိုက်တာ ဦးတင်အုန်းက စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာမှုနှင့် ဈေးကွက်အလားအလာ၊ တင်း ၁၀၀ လျှင် အာမခံဈေး ငွေကျပ် လေးသိန်းဖြင့် ဝယ်ယူမည့် အစီအစဉ်နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲ တွေ့မရှောင်က ဖိုးကေကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ စာ-၃

ပါကစ္စတန်မြောက်ပိုင်းတွင် ဆီးနှင်းများ ပြိုကျမှုကြောင့် သေဆုံးသူ ၃၀ ကျော်ရှိခဲ့ စာ-၆

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ စာ-၉

ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၇

ဘင်္ဂလားဒေ့ရှ်လေတပ်ဦးစီးချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃ ရက်တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကိုလည်းကောင်း၊ မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် အင်းလေးကန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့ သူရဲကောင်းစစ်သည်ဗိမာန်ကို သွားရောက်လွမ်းသူ့ပန်းခွေချအလေးပြု၍ အမျိုးသားပြတိုက်၌ကြည့်ရှုလေ့လာပြီး ဇာဘားရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ် သစ်လင်းအုန်း၊ ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ် လေတပ်ဦး စီး ချုပ် Air Marshal Shah Mohammad Ziaur Rahman, ndc, fawc, psc ဦး ဆောင် သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တာဝန် ရှိ သူများ က ရန်ကုန်အပြည်ပြည် ဆိုင် ရာ လေ ဆိပ် ၌ ပို့ ဆောင် နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရှခင်းသာရပ်ကွက်ရှိ အောင်သီတာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မစာရ၏ ဂန္ဓဝါစကပဋ္ဌိတဂုဏာပူဇာသဘင် အခမ်းအနားကို မတ် ၂၄ ရက် နံနက်တွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက ဆရာတော်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၂ဝ)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီတွင် လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ လမ်းအရှည် ၆၁၆၃ ပေနှင့် အကျယ် ၁၈ ပေရှိ ဗိုလ်ချုပ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

အဆင့်မြှင့်ဆောင်ရွက်

လှိုင်သာယာမြို့နယ်အတွင်း ယနေ့ဖွင့်လှစ်သော ဗိုလ်ချုပ်လမ်း အပါအဝင် ဖိုးရာဇာလမ်း၊ အလောင်းဘုရားလမ်း၊ ဦးပုညလမ်း အပိုင်း(၁)၊ အပိုင်း(၂) လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန်သည် လှိုင်သာယာမြို့နယ် အမှတ်(၂) ရပ်ကွက် ဗိုလ်ဗထူးလမ်း (၇)လမ်းနှင့် ဗန္ဓုလလမ်းတို့၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများစုပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တစ်ပြိုင်တည်းပြုလုပ်

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို ပုဇွန်တောင်၊ ဒေါပုံ၊ ကျောက်တံတား၊ စမ်းချောင်း၊ ကမာရွတ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းပြုလုပ်ကြသည်။

ယင်းနောက် အင်းစိန်မြို့နယ်ရှိ အင်းစိန်ဘူတာရုံလမ်းဆုံအနီး၌ လမ်းလယ်ကွန်ကရစ်ကတ်တုံးများ ပြုလုပ်နေမှု၊ ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းနေမှုနှင့် အောက်မင်္ဂလာဒုံလမ်းနှင့် အမှတ်(၄) လမ်းတို့၌ ကျောက်ချောကတ္တရာလမ်းသားခင်းနေမှုနှင့် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရွှေပြည်သာမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းဆုံ၌ လမ်းသားတိုးချဲ့မှုလုပ်ငန်းဆောင်ရွက်နေမှု၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းအား အပိုင်းလိုက် (၆)လမ်းသွား ကွန်ကရစ်လမ်းချောခင်းနေမှုနှင့်ပြီးစီးမှု၊ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းအပိုင်းအား ကျောက်ချောကတ္တရာလမ်းထပ်ပိုးခင်းနေမှု၊ ငမိုးရိပ်(ပါရမီ)တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ CROSS BEAM ဆောင်ရွက်ပြီးစီးမှု၊ GIRBER တင်ရန်နှင့် ချဉ်းကပ်လမ်း မြေသားနံရံထိန်းများ ပြုလုပ်နေမှု၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ဗိုလ်မှူးဗထူးလမ်းအား (၄)လမ်းသွား လမ်းတိုးချဲ့ဆောင်ရွက်ပြီးစီးမှု၊ ကျောက်ချောကတ္တရာလမ်းခင်းရန် လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဒဂုံမြို့သစ် တောင်-မြောက်လမ်းဆုံအနီး ပြည်ထောင်စုလမ်းအပိုင်းအား ကျောက်ချောကတ္တရာလမ်း ထပ်ပိုးခင်းနေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းတို့အား ကွန်ကရစ်လမ်းချောထပ်ပိုးခင်းကျင်းပြီးစီးမှုနှင့် လမ်းဖြတ်ကွန်ကရစ်တံတားသစ်များ တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၁၂ (တနင်္ဂနွေနေ့)

	နံနက်ပိုင်း	၅း၀၅	မြန်မာသကြၤန်
၇း၀၄	နိုင်ငံတော်သီချင်း	၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၅	တရားတော်	၆း၃၀	ဘဝကြေးမုံ **သင်္ကြန်တစ္ဆေ** ကောင်းပြည့်၊ယွန်းမီဦး၊ သဇင်ထူးနိုင်နှင့် သရုပ်ဆောင်များ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း	၆း၅၀	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၈း၁၅	မြန်မာသကြၤန်	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၅)
	နေ့လယ်ပိုင်း	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၁၁း၅၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ကျောက်တုံးများရဲ့ရာဇဝင်**		နိုင်ငံတကာသတင်း
၁၂း၄၀	ကျန်းမာသုတ		မိုးလေဝသသတင်း
၁၃း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း- ၁၅)		ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း -၉)
	ညပိုင်း		ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးရဲ့ လင်းသံစဉ်** (အပိုင်း -၁၇)
၄း၂၅	လျှပ်တစ်ပြက်		

ပေးအပ်လှူဒါန်း

မတ် ၂၂ ရက်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် စာသင်သားသံဃာတော်များအတွက် ဆွမ်းပဒေသာပင် ငွေကျပ်သိန်း ၅၀ ပြည့်မီရေး ဒုတိယအကြိမ်ပေးအပ်လှူဒါန်းပွဲကို ကမ္ဘာအေးမိုးကုတ်ဆွမ်းစားဆောင် ရုံးခန်း၌ကျင်းပရာ အလှူငွေများကို ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သာသနာနုဂ္ဂဟအသင်းတို့မှ တာဝန်ရှိသူများက ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၂)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ဘဝအမောပြေ

ဒါကြောင့်ပါ — **အာကာဟိန်း-ရေးသားသည်**

ကျောင်းမှပြန်လာသော သမီးငယ်က အိမ်သို့ရောက်သည်နှင့် မိခင်ဖြစ်သူအား ပြောပြလေသည်။

သမီး ။ ။ သမီး ဒီနေ့ကျောင်းမှာအရိုက်ခံရတယ်။
မိခင် ။ ။ ဟုတ်လား. . . စာမရလို့လား။
သမီး ။ ။ မဟုတ်ပါဘူး။
မိခင် ။ ။ ဒါဖြင့် . . ဆော့နေလို့လား ။ ရန်ဖြစ်လို့လား။
သမီး ။ ။ မဟုတ်ပါဘူး ..သမီးမဆော့ပါဘူး။
မိခင် ။ ။ ကျောင်းစာတွေ လိုက်မရေးလို့လား။
သမီး ။ ။ မဟုတ်ပါဘူး။
မိခင် ။ ။ ဒါဖြင့်ရင် . . ဘာလို့ ဆရာမအရိုက်ခံရတာလဲ။
သမီး ။ ။ ဆရာမ ခိုင်းတာ မလုပ်လို့တဲ့..။
မိခင် ။ ။ ဘာခိုင်းလို့လဲ. .
သမီး ။ ။ အိမ်စာပါ
မိခင် ။ ။ "ဟော"

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၈ ရက်)

ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး

လူဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟနှင့် ကင်းသူမရှိကြ။ ပုထုဇဉ်တွေမဟုတ်လား။ သံသရာဝဲဂယက်ထဲ လွဲမထွက်နိုင်သည့် ကာလပတ်လုံး လောဘ၊ ဒေါသ၊ မောဟဆိုတာရှိနေဦးမှာ။ လောဘ၊ ဒေါသ၊ မောဟဟူသော အမြိုက်တရားတို့ကို နည်းနိုင်သမျှနည်းအောင် စိတ်ကို ထိန်းကျောင်းပြုပြင်ပေးရမည်သာဖြစ်သည်။

လူတို့အနေဖြင့် နေ့စဉ် လုပ်ကိုင်ပြောဆိုသည့်အရာအားလုံးသည် ဟုတ်ပါသည်၊ မှန်ပါသည်ဟူ၍ အာမခံနိုင်။ အနည်းနှင့်အများ မှားတတ်စမြဲပင်။ ထိုအမှားသေးသေးလေးသည် ကြာလာလျှင် အမှားကြီးဖြစ်လာနိုင်၏။

ယနေ့ ငါသည် မိုးလင်းမှ မိုးချုပ်သည်အထိ အမှားမည်မျှလုပ်ခဲ့သနည်းဟူ၍ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်သင့်၏။ ကိုယ်ကျင့်သီလဖြစ်သည့် ငါးပါးသီလ မည်မျှလုံခြုံအောင် စောင့်ထိန်းနိုင်သနည်း စသည်ဖြင့် ချိန်ထိုးစဉ်းစားသင့်ပေသည်။ သူ့အသက်ကို သတ်ဖြတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူများသားမယားအား ပြစ်မှားကျူးလွန်ခြင်း၊ မူးယစ်သောက်စားခြင်း၊ လိမ်ညာပြောဆိုခြင်းတို့သည် ကိုယ်ကျင့်သီလငါးပါးပင်ဖြစ်၏။ ယနေ့ ငါသည် ထိုငါးပါးကို မည်မျှစောင့်ထိန်းနိုင်သနည်းဟူ၍ မိမိကိုယ် မိမိ ဆန်းစစ်သင့်၏။

အကယ်၍ ထိုငါးပါးအနက်မှ ယနေ့တစ်ပါးသာ စောင့်ထိန်းနိုင်သည်ဆိုလျှင် နောက်နေ့တွင် နှစ်ပါးလုံခြုံအောင် စောင့်ထိန်းမည်ဆိုသည့် စိတ်ထားမျိုးမွေးမြူသင့်၏။ နောက်နေ့နောက်နေ့တွင်လည်း နှစ်ပါးမှ သုံးပါး၊ လေးပါး စသည်ဖြင့် ထိန်းကျောင်းပြုပြင်သွားသင့်၏။ စိတ်သာပဓာနဖြစ်သည်။ စိတ်ကို ထိန်းကျောင်းပြုပြင်ရန်လိုအပ်၏။

အမှားများနည်းအောင် စိတ်ကိုထိန်းကျောင်းပြုပြင်သင့်ကြောင်းကိုလည်း ဓမ္မပဒတွင် ဤသို့ဖွင့်ဆိုထား၏။

"အမှုရောက်သောအခါ အပြစ်ကိုပြု၍ အပြစ်နှင့်လျော်စွာ ဆုံးမရာ၏။ အမှုမရောက်မီကလည်း မကောင်းမှုမပြုလေအောင် ကြိုတင်ဆုံးမ၍ မကောင်းသောအပြုအမူတို့မှ တားမြစ်ရာ၏။ ထိုသို့ ဆုံးမတားမြစ်သူကို သူတော်ကောင်းတို့ချစ်မြတ်နိုးကုန်၏။ သူယုတ်မာတို့သာ မချစ်မမြတ်နိုးကုန်" ဟူ၍ ဖော်ပြထားသည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် စိတ်ကိုထိန်းကျောင်းပြုပြင်သင့်ပါသည်။ လူတိုင်းသည် နေ့စဉ်နှင့်အမျှကုသိုလ် သို့မဟုတ် အကုသိုလ်အလုပ်တို့၌ ကျင်လည်နေတတ်ကြပါသည်။ အကယ်၍ ယနေ့ အကုသိုလ်အမှုတို့၌ နည်းနည်းများသွားလျှင် မနက်ဖြန်ကုသိုလ်ဖြစ်အောင်နေထိုင်ရပါမည်။ ကုသိုလ်ဖြစ်အောင် နေထိုင်ခြင်းသည် စိတ်ကိုထိန်းကျောင်းပြုပြင်ပေးရာရောက်သဖြင့် လောကီလောကုတ် နှစ်ဖြာသော အကျိုးစီးပွားကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ကောင်းကျိုးအလိုရှိသူတိုင်းသည် မကောင်းမှုများကိုရှောင်ကြဉ်ပြီး ကောင်းမှုကို ပြုလျက် ကောင်းအောင်ကြိုးစားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ တရုတ်နိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များ စမ်းသပ် စိုက်ပျိုးလျက်ရှိသည့် (၁၉)ရက်သား အဖိုလိုင်းစပ်မျိုးစပါးနှင့် (၂၂)ရက်သား အမလိုင်းစပ်မျိုး စပါးပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ စပ်မျိုးဆန်စပါးသီးနှံ၊ စပ်မျိုးနေကြာ၊ ပဲမျိုးစုံစိုက်ပျိုးထားရှိမှုနှင့်သီးနှံစိုက်ပျိုးထားရှိမှု၊ သီးနှံအမယ်အလိုက် စားရေးနှင့် ဝတ်ရေး လိုအပ်ချက်ဖြည့်တင်းဆောင်ရွက်ပေးနေမှုနှင့် တောင်သူပညာပေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆန်စပါးစိုက်ပျိုးနိုင်မှုနှင့်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒေသခံတောင်သူများက လိုအပ်ချက်များတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အမှာစကားပြောကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး (၃၆၉)ကေ စိုက်ခင်းအနီး ခင်းကျင်းပြသထားသော ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါး၊ မြန်မာပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့၊ ဆန်၊ ထမင်း၊ စပါးပင်နမူနာများနှင့် စပ်မျိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ပုလဲသွယ်စပ်မျိုး စပါး (၂၈၈)ကေ စိုက်ခင်းအနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ခေတ်မီလယ်ယာမြေ စိုက်ပျိုးရေးစနစ် ထူထောင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး(၄)မျိုး ယှဉ်ပြိုင်စိုက်ခင်းဧက(၁၀၀)ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ဒုတိယသမ္မတသည် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ တရုတ်စပ်မျိုးစပါး (၁၀)ဧက စံပြစိုက်ကွင်းကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးမှုနည်းပညာရပ်များနှင့် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းများ၊ စမ်းသပ်စိုက်ပျိုးထားရှိမည့် စိုက်ခင်းအခြေအနေများနှင့် မြန်မာနိုင်ငံ၏ရေမြေသဘာဝ၊ မိုးရေချိန်နှင့်လိုက်လျောညီထွေမှုရှိသည့် စပါးမျိုးများ စိုက်ပျိုးနိုင်မှုရှိ/မရှိ မေးမြန်းရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်မှ လာရောက်လုပ်ကိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် Mr. Tao Zhi Chuan က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တရုတ်နိုင်ငံမှစိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ၎င်းတို့စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် (၁၉)ရက်သား အဖိုလိုင်းစပ်မျိုးစပါးနှင့် (၂၂)ရက်သား အမလိုင်းစပ်မျိုးစပါးပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာစစ်ဆေးသည်။

ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာမှစ၍ အခြားသီးနှံများစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာဆိုင်ရာကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်းတင်ပြကြရန်လိုပါကြောင်း၊ ဌာနဆိုင်ရာဘက်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားများဘက်ကလည်း ကြိုးစားဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ သို့မှသာ တိုးတက်သင့်သလောက် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် တိုးတက်လိုသည့် နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ နေပြည်တော်ဒေသတွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာနှင့်သွင်းအားစုများရရှိရေး စသည့်လုပ်ငန်းများကို အပြည့်အဝ လုပ်ဆောင်နိုင်မည်ဆိုပါက အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ငွေကြေးအရင်းအနှီးပေါ် မူတည်လျက်ရှိရာ တောင်သူတစ်ဦးတည်းဖြင့်လုပ်ဆောင်ရန် ခက်ခဲမှုရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင်းကလည်း စီးပွားရေးတောင့်တင်းမှသာ လုပ်ဆောင်ပေးနိုင်မည့် အခြေအနေဖြစ်သည့်အတွက် အဟန့်အတားတစ်ခုသဖွယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကအပိုင်းက တတ်နိုင်သမျှပါဝင်ကူညီဆောင်ရွက်ကြရန်လိုပါကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများနှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးဧကမှာ များစွာကွာခြားမှုမရှိသော်လည်း ပြည်ပတင်ပို့နိုင်မှုတွင် ကွာခြားမှုရှိပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်၊ ပညာရှင်များနှင့် တောင်သူလယ်သမားများက လိုအပ်ချက်များကို ပြန်လည်စဉ်းစားသုံးသပ်ပြီး လေ့လာဆန်းစစ်လုပ်ဆောင်ရန်လိုပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍစသည့်လုပ်ငန်းများအပြင် ချေးငွေလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုးတက်သည့်နိုင်ငံများကိုကြည့်လျှင် စက်မှုလုပ်ငန်းကို ဦးတည်ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအား ခေတ်မီစက်ကိရိယာများဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စားဝတ်နေရေးဖူလုံစေရန် စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ရန်အတွက် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ရင်း စက်မှုကဏ္ဍတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် သမားရိုးကျ လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲနိုင်ရန် နည်းပညာနှင့်အရင်းအနှီးများ လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်သူတစ်ရပ်လုံး၏ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် လိုအပ်နေသည့် အခက်အခဲများကို နိုင်ငံတော်က ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

လုပ်ငန်းများတိုးတက်အောင်မြင်စေရန် ပညာရှင်များ၏အကြံဉာဏ်များအတိုင်း ဝီရိယစိုက်ထုတ်ကာ အလုပ်လုပ်ကြရန်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအား ထုတ်ချေးပေးသော ချေးငွေနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် ချေးငွေများပုံမှန်ပြန်ဆပ်မှသာလျှင် နောင်နှစ်အတွက်ထပ်မံငွေချေးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးနည်းသည် လက်ရှိကာလတွင် အကောင်းဆုံးဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်နိုင်ရန်လိုပါကြောင်း၊ ပညာရှင်ပိုင်းက ရေရှည် အကျိုးဖြစ်ထွန်းနိုင်မည့် နည်းပညာများ ရှာဖွေဆောင်ရွက်ကြရန်၊ ပုဂ္ဂလိကပိုင်းက သွင်းအားစုများရရှိရေးဆောင်ရွက်ကြရန်နှင့် နိုင်ငံတိုးတက်ကြီးပွားရန်အတွက် အားလုံးက တက်ညီလက်ညီ ချိတ်ဆက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီတွင် အများပြည်သူတို့၏ ဓာတ်အားသုံးစွဲမှုပမာဏ ပိုမိုများပြားလာခြင်းကြောင့် နယ်မြေဒေသအသီးသီး၌ လျှပ်စစ်ဓာတ်အားကို ဧပြီ ၂ ရက်မှစ၍ အလှည့်ကျ ဝန်အားလျှော့စနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဧပြီ ၇

တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူ များပြားလာခြင်း၊ စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာခြင်းတို့အပြင် နွေရာသီကာလတွင် မြို့ပေါ်နေပြည်သူများအနေဖြင့် လေအေးပေးစက်များ ပိုမိုသုံးစွဲလာခြင်းတို့ကြောင့် မတ်လအတွင်းဓာတ်အား လိုအပ်ချက်များမြင့်မားလာခဲ့ရာ ရန်ကုန်မြို့၏ ဓာတ်အားလိုအပ်ချက်မှာ ၈၀၀ မဂ္ဂါဝပ်အထိ ဖြစ်လာခဲ့ပြီး ယခင်နှစ် လိုအပ်ချက်ထက် ၂၁၀ မဂ္ဂါဝပ်ခန့် ပိုခဲ့သည်။

ထို့အတူ မန္တလေးမြို့တွင် ယခုနှစ် ဓာတ်အားလိုအပ်ချက်မှာ ၂၈၀ မဂ္ဂါဝပ်အထိ တိုးမြင့်လာသဖြင့် ယခင်နှစ်ထက် ၅၇ မဂ္ဂါဝပ်ခန့် ပိုမိုလာခဲ့သကဲ့သို့ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း ၆၄၀ မဂ္ဂါဝပ်ထိ တိုးမြင့်လာ၍ ယခင်နှစ်ကထက် ၁၁၃ မဂ္ဂါဝပ် ပိုမိုလိုအပ်ခဲ့ရာ တစ်နိုင်ငံလုံး ဓာတ်အားလိုအပ်မှုမှာ ၁၇၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဓာတ်အားရရှိမှုမှာ ၁၅၂၉ မဂ္ဂါဝပ်ဖြစ်၍ ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ခန့်ကို ဓာတ်အားဖြတ်တောက်မှုများဆောင်ရွက်ခဲ့ရသည်။

ယခုနှစ်အတွက် ဓာတ်အားထုတ်လုပ်ရရှိမှုမှာ ယခင်နှစ်ကထက် လျော့နည်းခြင်းမရှိသော်လည်း ဓာတ်အားလိုအပ်ချက် မြင့်မားလာသဖြင့် တစ်နိုင်ငံလုံးသို့ ၂၄ နာရီ အချိန်ပြည့် ဓာတ်အားပေးနိုင်ရန်အတွက် အလှည့်ကျဝန်အားလျှော့စနစ်ကိုအသုံးပြု၍ ဓာတ်အားဖြန့်ဖြူးရန် စီစဉ်ခဲ့ရာတွင် အများပြည်သူတို့၏ သောက်သုံးရေရရှိရေး၊ ချက်ပြုတ်ရေးနှင့် အခြားသောလုပ်ငန်းဆောင်တာတို့ကို အဆင်ပြေစေရန်အတွက် အုပ်စု(၃)စုခွဲ၍ အလှည့်ကျဖြန့်ဖြူးပေးခြင်း၊ အလှည့်ကျ ဓာတ်အားဖြတ်တောက်ခြင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အုပ်စု (၃)စုခွဲ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အုပ်စု (၂) စုကို ဓာတ်အားပေးပြီး ကျန်အုပ်စု (၁)စုကို ဓာတ်အားဖြတ်တောက်ခြင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း အုပ်စု (၂)စုကို ဓာတ်အားပေးပြီး ကျန်အုပ်စု (၁)စုကို ဓာတ်အားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်၍ ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၇ နာရီအထိကိုမူ ရန်ကုန်တိုင်းဒေသကြီးရှိ အုပ်စု (၃) စုလုံးကို ဓာတ်အားဖြန့်ဖြူးပေးထားမည်ဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ အုပ်စု (၂)စုကိုသာ ဓာတ်အားပေးထားနိုင်မည်ဖြစ်သည်။

ထိုသို့ အများပြည်သူတို့ကို ဓာတ်အားပေးနိုင်ရန်အတွက် စက်မှုဇုန်များကို အုပ်စု (၂)စုခွဲ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ (၁)အုပ်စု၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ (၁)အုပ်စု အလှည့်ကျဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ညပိုင်းတွင် စက်မှုဇုန်အားလုံး မြစ်ရေတင်လုပ်ငန်း၊ ရပ်ကွက်တွင်း စက်မှု/လက်မှုလုပ်ငန်းနှင့် သံရည်ကြိုလုပ်ငန်းများအားလုံးကို ဓာတ်အားဖြတ်တောက်ဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်ရာ လောလောဆယ် ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေအရ တိုးမြင့်လာသော ဓာတ်အားလိုအပ်ချက်ပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းပေးရန် အခက်အခဲရှိခြင်းကြောင့် ဓာတ်အားဖြတ်တောက်ရခြင်းဖြစ်ကြောင်း၊ အခြားနည်းလမ်းဖြစ်သော သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပိုမိုထုတ်လုပ်ရရှိနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီလများတွင် အများပြည်သူအားလုံး၊ စက်မှုဇုန်များနှင့် လုပ်ငန်းအားလုံးကို ၂၄ နာရီပတ်လုံး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲ တွေ့မရှောင်က ဖိုးကေကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T & T Group က စီစဉ်ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ အားကစားရုံ၌ ကျင်းပသည်။

ယှဉ်ပြိုင်ထိုးသတ်

ရှေးဦးစွာ အထူးလေးချီစိန်ခေါ်ပွဲ သုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ဆက်လက်၍ အထူးငါးချီစိန်ခေါ်ပွဲတွင် ထစ်ချွန်း (နဂါးမာန်)နှင့် လှစ်လှစ်လေး (အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ လှစ်လှစ်လေးက ထစ်ချွန်းကို ထိုးချက်ကန်ချက်များကြောင့် တတိယအချီ ၁ မိနစ် ၅၃ စက္ကန့်၌ အလဲထိုးအနိုင်ရရှိခဲ့သည်။ ရွှေဖလား (နဂါးမာန်)နှင့် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)တို့ပွဲကလည်း ပွဲကြီးပွဲကောင်း ဖြစ်ပြီး အလူးအလဲထိုးသတ်ပြီးမှ ပူးတွဲသရေဖြစ်ခဲ့သည်။ ပဲပြားမောင်မောင် (ရွှေကုက္ကို)နှင့် ဖိုးသားကြီး(မန္တလေး)တို့က အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်သွားသည်။ မြလင်းအောင် (ရွှေကုက္ကို)ကို စောဂေါ်မူတို (T & T) က ဒုတိယအချီ၌ အလဲထိုး အနိုင်ရရှိခဲ့ပြီး ဝဏ္ဏ (အဖြူရောင်သွေးသစ်)နှင့် စောဂရေမှူး (T & T) တို့ပွဲတွင် စတုတ္ထအချီ ၁ မိနစ် ၃၆ စက္ကန့်၌ စောဂရေမှူး ဆက်လက်မယှဉ်ပြိုင်နိုင်သဖြင့် ဝဏ္ဏအနိုင်ရရှိခဲ့သည်။ တွေ့မရှောင် (နဂါးမာန်) နှင့် ဖိုးကေ(မန္တလေး) တို့ပွဲတွင် **(ဝဲပုံ)** တွေ့မရှောင်၏ ဘယ်ညာလက်သီးတွဲလုံးများကို ဖိုးကေယှဉ်ပြိုင်မထိုးနိုင်ဘဲ လဲ့လဲ့ချခဲ့သဖြင့် ဒိုင်ပွဲရပ်ဖြင့် တွေ့မရှောင် အနိုင်ရရှိသွားသည်။ ။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်ခိုး (မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ၏ ဇီဝိတဒါနဆေးခန်းဆောက်လုပ်ရန်အတွက် မြို့လှမြို့နေ ရတနာကုန်သည် ဦးသန်းအေး-ဒေါ်တင်စိန်မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဥက္ကဋ္ဌဦးမြင့်(မိုး)ထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းအား ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H.E. General Tea Banh ၏ အထူးကိုယ်စားလှယ် Lieutenant General Nem Sowath ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ (၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (6th ASEAN Defense Minister Meeting- 6th ADMM) သို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ရန် ဖိတ်ကြားစာ ပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံကာကွယ်ရေးဆိုင်ရာ အစည်းအဝေးများ လက်ခံကျင်းပရသည့် အတွေ့အကြုံများ၊ ဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H.E.General Tea Banh ၏ အထူးကိုယ်စားလှယ် Lieutenant General Nem Sowath ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ Thai Trade Exhibition 2012 ပြပွဲခန်းမအတွင်း ကြည့်ရှု အားပေးစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပွဲတော်ကျင်းပရေးနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီ (၉)ရပ်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများ၊ အပြုအမူများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်နှင့် မတော်တဆမှုများကြုံခိုင်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်သွားရန်လိုအပ်ကြောင်း၊ မြန်မာ့နှစ်ဆန်း ၁ရက်နေ့တွင်လည်း အန္တရာယ်ကင်း ပရိတ်ရွတ်ခြင်းများ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲများ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲများကို ခရိုင်/မြို့နယ်များအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပသည့် Thai Trade Exhibition 2012 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ထိုင်းနိုင်ငံ Ministry of Commerce ဒုတိယဝန်ကြီး Mr. Poom Sarapol က ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက ပြပွဲကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံရှိ ကုမ္ပဏီ ၁၇၀ကျော်မှ စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အဆောက်အအုံအလှဆင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လက်ဝတ်ရတနာများ၊စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းသုံးပစ္စည်းများကို ဧပြီ ၁၀ ရက်အထိ ပြသရောင်းချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေးဟောင်းပစ္စည်းအပ်နှံသူအား ဆုကြေးပေးအပ်

နေပြည်တော် ဧပြီ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အင်းရွာကြီးကျေးရွာ၌ နေထိုင်သူ ဦးမြင့်အောင်က ၎င်းစုဆောင်းထားရှိသော ကြေးခြသေ့်အလေးတစ်ခုနှင့် ရောင်စုံကျောက်၃၁လုံးတို့ကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်) သို့လာရောက်အပ်နှံခဲ့သည်။

အဆိုပါပစ္စည်းများအား ဆုချီးမြှင့်နိုင်ရန် ရှေးဟောင်းပစ္စည်းအကဲဖြတ်အဖွဲ့က စစ်ဆေးရာ ခြသေ့်အလေးမှာ ဟံသာဝတီခေတ်လက်ရာပစ္စည်းဖြစ်ပြီး ရောင်စုံကျောက် ၃၁ လုံးမှာ ပျူခေတ်လက်ရာပစ္စည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ရှေးဟောင်းပစ္စည်းများအား သတ်မှတ်ထားသော စံနှုန်းများဖြင့် တွက်ချက်၍ ပိုင်ရှင်ဦးမြင့်အောင်အား ဆုကြေးခွင့်ပြုငွေကျပ် ၈၇၃၀၀ကို မတ် ၂၀ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိရသည့် ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်း ထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ် နှောင်းတန်ခူးလဆုတ် ၇ရက်နေ့မှ ၁၀ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ် ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

ထို့ကြောင့် ၁၃၇၃ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်။
(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်။
(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်။
(ဃ) မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ။
(ခ) ဘာသာတရား၏အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ။
(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ။
(ဃ) တစ်ပါးသူ (သို့မဟုတ်)အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ။

မတ် ၂၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အစုအဖွဲ့လိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းများကို မြို့ပေါ် ၁၁ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကျင်းပရာ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသက် ကိုးလမှ ငါးနှစ်အရွယ်ရင်သွေးငယ်များကို ဒေါက်တာဒေါ်နန်းကြည်ပြာအောင်နှင့်အဖွဲ့ ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးစဉ်။ (၀၇၂)

မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ကျန်းမာဖို့အတူကစားစို့
၇:၃၀ နံနက်ခင်းသတင်း
၇:၄၀ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၅ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၄၀ International News
၈:၄၅ ခါသင်္ကြန်အဆိုအကများ

နေ့လယ်ပိုင်း

၁၂:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း **အကြင်နာဘဏ်တိုက်**

ညပိုင်း

၄:၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအထူးပြုများ) (အရှေ့တိုင်းပညာ)
၆:၀၀ ညနေခင်းသတင်း
၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ

လာရောက်အပ်နှံ

ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်) သို့ လာရောက်အပ်နှံသည့် ကြေးခြသေ့်အလေးတစ်ခုနှင့် ရောင်စုံကျောက် ၃၁လုံးတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး၏ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာ မတ် ၂၁ ရက်က နွယ်အေးရပ်ကွက် ဘဝရှေ့ဆောင်စာကြည့်တိုက်၌ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဆွေးနွေးဟောပြောစဉ်။ (၀၅၁)

ဝါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစို့(၂)

ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)

ဤခေါင်းစဉ်ပါ "ဝါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစို့" ဆောင်းပါးလေးကို မကြာမီက သတင်းစာတွင်ပါပြီးနောက် ဝါးစိုက်ပျိုးလိုသူများနှင့် ဝါးနှင့် စီးပွားရေးလုပ်လိုသူများက သိလိုသည်များ မေးမြန်းလာကြ၍ ဝမ်းသာရပါသည်။ အဆိုပါဆောင်းပါးရေးခဲ့ရခြင်း၏ ရည်ရွယ်ချက်များမှာ

- ♦ ဝါးပင်၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးပြုအထောက်အပံ့ပေးနိုင်ပုံကို ဖော်ပြလိုခြင်း
- ♦ ဝါးလုပ်ငန်းများဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ကာ ဆင်းရဲမှု လျှော့ချလိုခြင်းတို့ ဖြစ်ပါသည်။

အချို့လုပ်ငန်းရှင်များက ဝါးနှင့်ပတ်သက်သောလုပ်ငန်းအားလုံး (မြေနေရာရယူခြင်း၊ ဝါးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ကုန်ချောပစ္စည်းထုတ်လုပ်ခြင်၊ ရောင်းချခြင်း)ကို လုပ်ဆောင်လိုဟန်ရှိပါသည်။ ကောင်းပါသည်။ သို့သော် ဖြစ်သင့်သည်မှာ ကျေးလက်နေပြည်သူများအားလည်း ဝါးစိုက်ခြင်းမှ ဝင်ငွေလည်းတိုးစေ၊ လုပ်ငန်းရှင်လည်း ဝါးလုပ်ငန်းမှ အလုပ်ဖြစ်စေဟူသော နည်းဖြင့် ပူးပေါင်းဆောင်ရွက်သော ပုံစံဖြစ်သင့်ပါသည်။ ပူးပေါင်းဆောင်ရွက်သော ပုံစံ (၂)မျိုးကို အကြံပြုတင်ပြလိုပါသည်။

ပူးပေါင်းဆောင်ရွက်ရန် ပုံစံ (၂)မျိုး

(၁) ကျေးလက်နေပြည်သူများနှင့် လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်စေသော ပုံစံဖြင့် ဆောင်ရွက်ရာတွင် ဝါးစိုက်ပျိုးသူလယ်သမားက ကုန်ကြမ်း(ဥပမာ-မျှစ်၊ ဝါးလုံး) ပေးသွင်းပြီး ကုန်သည်လုပ်ငန်းရှင်မှ ပစ္စည်းထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာခြင်းတို့ ဆောင်ရွက်သဖြင့် အစီအစဉ်တစ်ခုလုံး ချောမွေ့အောင် ဆောင်ရွက်နိုင်ပါသည်။ လယ်သမားများအတွက် ထွက်လာသောကုန်ကြမ်း မရောင်းရမှာ စိတ်ပူစရာမလိုသကဲ့သို့ ကုန်သည်အတွက်လည်း ကုန်ကြမ်းပြတ်ပြီး စက်ရုံရပ်စရာမလိုတော့ချေ။ လုပ်ငန်းရှင်အတွက်လည်း ကုန်ကြမ်းထုတ်လုပ်စရိတ် (မြေနေရာရယူခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ စိုက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ခုတ်ယူခြင်း စသည်တို့) အတွက် ကုန်ကျစရိတ်နည်းသွားပေမည်။ တစ်ဖန် ကုန်သည်ဘက်မှလည်း ပညာရှင်ထံမှ ရရှိသော နည်းပညာကို လယ်သမားများထံသို့ ဖြန့်ဝေပေး၍ လယ်သမားသည် ပညာရပ်ပိုင်းဆိုင်ရာ ကိစ္စအတွက်လည်း ပူပန်စရာမလိုချေ။

ဝါးစိုက်ခင်းပိုင် ကျေးလက်နေပြည်သူများက ဝါးလုပ်ငန်းစက်ရုံများကို ကုန်ကြမ်းအနေဖြင့် ဝါးအလုံးလိုက်သော်လည်းကောင်း၊ မျှစ်အရိုင်းကိုသော်လည်းကောင်း (သို့တည်းမဟုတ်) တစ်ဝက်တစ်ပျက် ကုန်ချောပေးသွင်းပြီး ဝင်ငွေရစေနိုင်ပါသည်။ တစ်ဝက်တစ်ပျက်ကုန်ချောဆိုသည်မှာ ဥပမာ-ဝါးသုံးထပ်သား၊ ငါးထပ်သား စက်ရုံများသို့ ဝါးအလုံးလိုက် မရောင်းချဘဲ ဖျာသဖွယ် ရက်လုပ်ရောင်းချခြင်းမျိုးကို ဆိုလိုပါသည်။ ယင်းဖျာများကို သုံးထပ် ငါးထပ် ခုနစ်ထပ်စသည်ဖြင့် Bamboo Board ထုတ်လုပ်နိုင်ပါ သည်။ စက်ရုံမှလည်း ဝါးစိုက်ပျိုးသူတောင်သူများသို့ ငွေကြေး၊ ပစ္စည်းတို့ကို စာချုပ်စနစ်ဖြင့် ထောက်ပံ့ပေးနိုင်ပါသည်။တစ်နည်းအားဖြင့် (Contract farming) သဘောမျိုး ဖြစ်ပါသည်။ဤနည်းဖြင့် ကျေးလက်နေသူများ ဝင်ငွေရရာရလမ်းတစ်ခု ဖြစ်နိုင်သလို လုပ်ငန်းရှင်အတွက်လည်း အထက်ကတင်ပြသကဲ့သို့ ဝါးစိုက်ပျိုးပြီး ကုန်ကြမ်းရအောင် ဆောင်ရွက်ရမည့် ဝန်ထုပ်ဝန်ပိုးကြီး လျော့ပါးသွားမှာ ဖြစ်ပါသည်။

(၂) နောက်ပုံစံတစ်ခုမှာ လယ်သမားက ကုန်ကြမ်းသက်သက်ထုတ်လုပ်ရာမှ (လယ်သမား+တစ်ဝက်တစ်ပျက်ကုန်ချောထုတ်လုပ်သူ+ လုပ်ငန်းရှင်)ပုံစံ ဖြစ်ပါသည်။

ဤပုံစံတွင် ကြား၌ ကုန်ကြမ်းမှ တစ်ဝက်တစ်ပျက်ကုန်ချော ထုတ်လုပ်သူ အဆင့်တစ်ဆင့်ပါဝင်လာသဖြင့် လုပ်ငန်းရှင်အတွက် ကုန်ပစ္စည်းရေရှည်မပြတ်ထုတ်လုပ်နိုင်ရေးကို ပိုမိုအာမခံချက်ရသွားစေပါသည်။ အလယ်အဆင့်(တစ်ဝက်တစ်ပျက် ကုန်ချောထုတ်လုပ်သူ/လယ်သမား) ပါဝင်လာကာ လယ်သမားထံမှ ဝါးကုန်ကြမ်းဝယ်ပြီး တစ်ဝက်တစ်ပျက် ကုန်ချောထုတ်လုပ်ကာ လုပ်ငန်းရှင်သို့ ရောင်းချခြင်းဖြစ်သည်။ ဝါးနှင့်ပတ်သက်သော လက်မှုလုပ်ငန်းကျွမ်းကျင်သော်လည်း စိုက်ပျိုးရန်ဝါသနာမပါသူ(သို့မဟုတ်) အခက်အခဲရှိသူ ဝင်ငွေနဲ့ လက်လုပ်လက်စားသမားများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေတိုးနိုင်ပါတယ်။

ဝါးလုပ်ငန်းတိုးတက်ရေး စီမံခန့်ခွဲမှုအပိုင်းအနေဖြင့်

(၁) ဝါးလုပ်ငန်းတိုးတက်ရေး ရည်ရွယ်ချက်ထားလျက် ယင်းရည်ရွယ်ချက် ပြည့်ဝစေရန် အစီအမံများ ချမှတ်သင့်ပါသည်။

(၂) အကောင်အထည်ဖော်ရာ၌ မူဝါဒချမှတ်သူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဝါးစိုက်ပျိုးသူလယ်သမားများအားလုံး ပါဝင်ဆောင်ရွက်သင့်ပါသည်။

(၃) ဝါးလုပ်ငန်းနှင့် ပတ်သက်သော NGO များ ဖွဲ့စည်းရန်ဖြစ်ပြီး ယင်းအဖွဲ့အစည်းတွင် ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဝါးစိုက်ပျိုးသူများ ပါဝင်သင့်ပါသည်။

ဝါးထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍

(၁) ဝါးမီးသွေး၊ မျှစ်၊ အိမ်တွင်းသုံးပစ္စည်းစသော ဝါးထွက်ပစ္စည်းများကို တစ်မျိုးချင်းအလိုက် အရည်အသွေးမီ ပစ္စည်းထုတ်လုပ်နိုင်ရေးကိစ္စ ဆောင်ရွက်ရန်၊

(၂) ဝါးထွက်ပစ္စည်းထုတ်လုပ်ရန် အခြေခံစက်ပစ္စည်းများ(ဥပမာ-နှီးဖြာစက်၊ ဝါးခွဲစက်) ထုတ်လုပ်ရန်၊

(၃) ပုဂ္ဂလိကအပိုင်းမှ ဝါးအခြေပြု စက်မှုလုပ်ငန်းများ ထူထောင်ခြင်းကို အားပေးရန်၊

(၄) ပြည်တွင်းပြည်ပ ဝါးထွက်ပစ္စည်းဈေးကွက်ကို လေ့လာစောင့်ကြည့်သော အဖွဲ့ ထူထောင်ရန်။

ဝါးလုပ်ငန်းတိုးတက်စေရန် တစ်ဦးတစ်ဖွဲ့တည်း ဆောင်ရွက်၍မရဘဲ အဖွဲ့ပေါင်းစုံ (လယ်သမား၊ ပညာရှင်၊ အာဏာပိုင်အဖွဲ့အစည်းနှင့် ကုမ္ပဏီ) ဝိုင်းဝန်း၍ တစ်စားပွဲတည်းထိုင်ကာ ဆွေးနွေးကြရန်လိုပြီး အမှန်တကယ်လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဦးလိုအပ်ချက် တစ်ဦးသိရှိကာ ပြဿနာများကို အချိန်မီဖြေရှင်းပေးနိုင်၍ တိုးတက်လျင်မြန်နိုင်ပါသည်။

ဝင်ငွေရရှိမှု

ဝါးတစ်ဧကတွင် ဝါးရုံ ၂၀၀ ဝန်းကျင်စိုက်နိုင်၍ တစ်ရုံ တစ်နှစ်ပျမ်းမျှ ၄-၅ လုံးနှုန်းဖြင့် အလုံး ၈၀၀-၁၀၀၀ ရနိုင်ရာ ဒေသပေါက်ဈေး အနည်းဆုံး ခြံတွင်းဈေး ၃၀၀-၄၀၀ (သို့သော် ကြံခင်းမြို့ ရွှေပန်းတောတွင် ဝါးပိုးတစ်လုံး ၁၀၀၀ မှ ၁၅၀၀) ဖြစ်၍ တစ်နှစ်ဝင်ငွေ တစ်ဧကေ ၂၄၀၀၀၀ မှ ၄၀၀၀၀၀ ကျပ်ရရှိနိုင်ပါသည်။ ဤသည်မှာ မိမိအိမ်သုံးအတွက် ခုတ်သုံးသောဝါးကို ထည့်တွက်မထားပါ။ ကျေးလက်နေမိသားစုတစ်စုသည် တစ်နှစ်ကို ဝါး ၂၀၀-၃၀၀ အထိ သုံးကြောင်း သိရပါသည်။ အလျဉ်းသင့်ဆဲ ဝါးခုတ်ရာတွင် သတိမူရမည့်အချက်များကို ဖော်ပြလိုက်ပါသည်။ ဝါးစိုက်ပျိုးခြင်းကို ဤစာရေးသူနှင့် သစ်တောပညာရှင်တစ်ဦးတို့ ပူးပေါင်းရေးသားထားသော ဝါးစိုက်ပျိုးပြုစုခြင်းလက်စွဲက ဖတ်ရှုနိုင်သည်။

ဝါးခုတ်ရာတွင် သတိမူရမည့် အချက်များ

(၁) သုံးနှစ်ကျော်လွန်သော ဝါးများကို ခုတ်လှဲထုတ်လုပ်ရပါမည်။
(၂) နှစ်နှစ်အောက် ဝါးများကို ခုတ်လှဲခြင်းမပြုရ။
(၃) နှစ်ချင်းပေါက်ဝါးများနှင့် ဝါးရင့် ၂၅ ရာခိုင်နှုန်း ချန်ထားရပါမည်။
(၄) ဝါးရုံများကို အပြောင်ခုတ်လှဲခြင်းမပြုရ၊ ဝါးအပွင့်ပွင့် အသီးသီးပြီးမှသာ အပြောင်ခုတ်လှဲသင့်ပါသည်။
(၅) မျှစ်စို့ထွက်သည့် ဆန့်ကျင်ဘက်အရပ်မှ စတင်ခုတ်လှဲရပါမည်။
(၆) အချို့သောပညာရှင်က ဝါးကိုနှစ်စဉ် (သို့)တစ်နှစ်ကျော် ခုတ်လှဲထုတ်လုပ်ရန် အကြံပြုပါသည်။
(၇) အလွန်ပြွတ်ကျပ်နေသော ဝါးရုံများကို ပင်ကျပ်နုတ်ပေးရပါမည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် နှစ်ချင်းပေါက်နှင့် တစ်နှစ်သားဝါးများကိုသာ ချန်ပြီး ကျန်ဝါးအားလုံးကို ခုတ်လှဲသင့်လျှင် ခုတ်လှဲရပါမည်။
(၈) လိမ်ကောက်နေသောဝါးများကို ခုတ်လှဲဖယ်ရှားပေးရပါမည်။ ၎င်းနေရာတွင် ဝါးအသစ်ထွက်လာနိုင်ရန်ဖြစ်ပါသည်။
(၉) ဝါးရေိယာများတွင် စားကျက်ချခြင်းမပြုရ။
(၁၀) မြေပုံပေးခြင်းလုပ်ငန်းကို မိုးမကျမီ ဆောင်ရွက်ပေးရပါမည်။
(၁၁) ရွက်အုပ်ပါးသည့် အပင်များဖြစ်သည့် တမာ၊ စစ်၊ ဘောစကိုင်းစသည့် အပင်မျိုး ဝါးရုံကို အုပ်မိုးနေပါက ၎င်းအပင်များကို ခုတ်လှဲဖယ်ရှားခြင်း ပြုလုပ်ရန်မလိုပါ။
(၁၂) ဝါးခုတ်လှဲသည့်အခါ နိမ့်နိုင်သရွေ့ နိမ့်အောင်ခုတ်ရပါမည်။ မြေမျက်နှာပြင်အပေါ် ဝါးတစ်ဆစ်သာ ချန်သင့်ပါသည်။

ပံ့ပိုးမှုအပိုင်း

ဝါးလုပ်ငန်းနှင့်ပတ်သက်ပြီး ကူညီသင့်သောအပိုင်းများကို ကူညီရန်ဖော်ပြလိုပါသည်။ ယင်းတို့မှာ မြေရရှိရေး၊ ငွေကြေးကူညီရေး၊ စီးပွားရေး ဈေးကွက်ရှာဖွေပေးခြင်းနှင့် သုတေသနတိုးချဲ့ပညာပေးခြင်းတို့ဖြစ်ပါသည်။

(၁) မြေရရှိရေးအကြံပြုချက်

ဝါးစိုက်ပျိုးမြေရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ နှစ်အပိုင်းအခြားအလိုက် တစ်ဦးချင်းမြေပိုင်သောအနေအထားသို့ မြေယာစီမံခန့်ခွဲပိုင်ခွင့် ပေးထားသည့်နည်းမှာအလွန်ထိရောက်သောနည်းဖြစ်သည်။ ကျေးလက်နေပြည်သူများ ဝါးစိုက်ပျိုးရန် သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသော ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက် (Community Foresty Instruction) ကို လိုအပ်သလိုပြင်ဆင်ပြီးအသုံးပြုပါက ဝါးစိုက်ရန်မြေရရှိနိုင်ပါသည်။ အကြောင်းမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းထူထောင်ခြင်းလမ်းညွှန်ချက်တွင် အဆိုပါနည်းဖြင့် ရရှိသောမြေတွင် သစ်ပင်စိုက်ပျိုးရန်သာ ပါဝင်သောကြောင့် ဖြစ်ပါသည်။ အခြားဖြစ်နိုင်သော နည်းလမ်းတစ်ခုမှာ သစ်ပင်များအကြား၌ ဝါးများစိုက်ပျိုးပါကလည်း ဖြစ်နိုင်ပါသည်။ သစ်အပြင်ဝါးမှ ဝင်ငွေလည်း ရရှိရုံမျှမက ဝါးကသစ်ပင် ကောင်းရာကောင်းကြောင်း အကျိုးပြုမှုကိုပါရနိုင်ပါသည်။ (ဆောင်းပါးနောက်ပိုင်းတွင် တင်ပြထားပါသည်)။

(၂)ငွေကြေးကူညီရေး

ဝါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အစိုးရကငွေကြေး အကူအညီပေးရန် သင့်ပါသည်၊ ကူညီရန် ဦးစားပေးအဆင့်(၃)ဆင့်ခွဲပြီး ဆောင်ရွက်သင့်ပြီး ယင်းတို့မှာ-

ပထမအဆင့် ဝါးစိုက်ခင်းလုပ်ငန်းကို ဦးစားပေးငွေကြေး ပံ့ပိုးရပါမည်။

- ဒုတိယအနေဖြင့် ဝါးစိုက်ခင်းများ ပြည့်စုံသောအခါ ပစ္စည်းထုတ်လုပ်ခြင်း (Processing) အပိုင်းကို ဦးစားပေးပံ့ပိုးပေးရပါမည်။
- တတိယပိုင်းမှာ ဈေးကွက်ဖွံ့ဖြိုးရေး (Marketing) အတွက် ဦးစားပေးပံ့ပိုးရပါမည်။

(၃) ဈေးကွက်ရှာဖွေပေးခြင်း

ဝါးထွက်ပစ္စည်းသည် Biodegradable materials (ကြေမွပျက်စီးပါက မြေသြဇာပြန်ဖြစ်စေသောပစ္စည်း) ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေတ်အခါတွင် များစွာတွင်ကျယ်လျက်ရှိပါသည်။ ဟိုတယ်များတွင် မျက်နှာသုတ်ပဝါအသေးထည့်စရာကအစ ဝါးဖြင့်ပြုလုပ်ထားသော ခေတ်မီဒီဇိုင်းထည့်စရာခွက်လေးများကိုထားပေးပါသည်။ သက်ဆိုင်ရာသံရုံးများတွင် စီးပွားရေးသံတမန် (ရှိပါက)၊ သို့မဟုတ် ဈေးကွက်ရှာဖွေရေးအဖွဲ့များစေလွှတ်ကာ ဆောင်ရွက်ခြင်း ပြုလုပ်သင့်ပါသည်။ ပိတ်ဆို့မှုများ အဆုံးသတ်ချိန်ဝယ် ဤကိစ္စ ပိုအဆင်ပြေလာမည်ဟု မျှော်လင့်ရပါသည်။

(၄) ပညာရပ်သုတေသနနှင့် တိုးချဲ့ပညာပေးရေးကဏ္ဍ

ဝါးလုပ်ငန်းဆိုင်ရာသုတေသနကို ဦးစားပေးဆောင်ရွက်ပြီး တွေ့ရှိချက်များကို အမှန်တကယ်အသုံးပြုကြမည့်သူများ လက်ဝယ်ရောက်ရှိအောင် ဖြန့်ဖြူးပေးနိုင်မှု (Extension) သည် ဝါးလုပ်ငန်းလျင်မြန်စွာတိုးတက်မှုကို ဖြစ်ပေါ်စေပါလိမ့်မည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် Extension Station များ ထူထောင်ပြီး သုတေသနတွေ့ရှိချက်များကို လက်တွေ့ပြုလုပ်ခြင်း၊ ကျေးလက်ပြည်သူများအား ဖြန့်ဝေပေးရန်ဖြစ်သည်။

၁။ သုတေသနရလဒ်တစ်ခု ပြည်သူသို့ အသိပေးဖြန့်ဝေပေးရာတွင် ပညာရှင်၊ လုပ်ငန်းရှင်၊ လယ်သမားများအားလုံး ပါဝင်တက်ရောက်သင့်ပါသည်။

၂။ မိမိဖြန့်ဝေသောပညာရပ်အတွက် လုပ်ငန်းရှင်နှင့်စိုက်ပျိုးမည့် လယ်သမားသို့ အာမခံချက်ပေးသင့်ပါသည်။

၃။ လက်တွေ့သရုပ်ပြစိုက်ခင်း၊ နမူနာပစ္စည်းထုတ်လုပ်မှုကို ပြသရပါမည်။

လောလောဆယ် အောက်ပါတို့ကို ဦးစားပေးသုတေသနဆောင်ရွက်သင့်ပါသည်။

(၁) မြန်မာနိုင်ငံ၏ အမျိုးအစားမခွဲရသေးသော ဝါးအမျိုးအစားများကို သိပ္ပံနည်းကျအမည်ခွဲခြားနိုင်ရေးနှင့် အသုံးဝင်မှုကိုလေ့လာဆောင်ရွက်ခြင်း
(၂) ရှိပြီး ဝါးသယံဇာတအခြေအနေကို မြို့နယ်အလိုက် စာရင်းကောက်ခြင်း
(၃) ဝါးမျိုးအလိုက်စိုက်နည်းစနစ်သုတေသနပြုခြင်းနှင့်
(၄) မျှစ်သုတေသနပြုခြင်းတို့ဖြစ်ပါသည်။

ဝါးအပြင် မျှစ်စိုက်ပျိုးထုတ်လုပ်မှုသည်လည်း ဝင်ငွေကောင်းသော လုပ်ငန်းရပ်တစ်ခုဖြစ်ပါသည်။ မျှစ်ထုတ်လုပ်ရန် သင့်သောဝါးများမှာ ကြလို၊ တင်း၊ ဝါးပိုး၊ မျှင်၊ ကလွေ၊ ကြသောင်း၊ ဝါးပိုးမျက်ဆံကျယ် စသည်တို့ဖြစ်ပါသည်။ အရှေ့အာရှနိုင်ငံများသည် စီးပွားရေးကောင်းလာသည်နှင့်အမျှ မျှစ်စားသုံးမှု တိုးလာသည်ကို သတိပြုမိပါသည်။

အထူးအကြံပြုချက်အနေဖြင့် နိုင်ငံတော်က ဝါးလုပ်ငန်းနှင့်ပတ်သက်၍ စံပြမြို့ ထူထောင်ရန် သင့်တော်သော မြို့တစ်မြို့အား ရွေးချယ်၍ စံပြဝါးလုပ်ငန်းမြို့အဖြစ် ထူထောင်ရန်အကြံပြုလိုပါသည်။

တစ်ဆက်တည်းပင် အထက်တွင် ဖော်ပြထားသကဲ့သို့ ဝါးက သစ်ပင်ကောင်းကျိုးပြုပုံကို ကျွန်းစိုက်ခင်းပိုင်ရှင်များအားလည်း မျှဝေပေးလိုပါသေးသည်။ ရှေးသစ်တောပညာရှင်များက Bamboo is best associate for teak ဟု အလွန် မှတ်သားဖွယ်ကောင်းသော စကားပြောခဲ့ကြ၏။ အဓိပ္ပာယ်မှာ ကျွန်းအတွက် ဝါးပင်သည် အဖော်မွန်ပင်ဖြစ်ပါသည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ကျွန်းသည် အကြီးမြန်၏။ ဝါးပင်သည် Biomass များ ထုတ်ပေး၍ ကျွန်းအတွက် မြေသြဇာထောက်ပံ့ပေးသည်။ ကျွန်းပင်ပတ်လည်၌ မြေသြဇာမပြတ်ရှိစေသည်။ ကျွန်းပင်သည် ဝါးပင်ကို ကျော်လွန်၍ အပင်မြင့်တက်သော် ဝါးပင်သည် ကျွန်း၏ အရွက်မှ ကျလာသော မိုးရေပေါက်များကို တစ်ဆင့်ခံထား၍ (အဆိုပါ မိုးရေပေါက်မှ မြေကြီးနှင့်တိုက်ရိုက်ထိတွေ့ခွင့်မရဘဲ)မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ပေးလေ၏။ ဝါးပင်ရှိခြင်းကြောင့် မြေဆီလွှာကောင်းစေခြင်းအကျိုးကို ပြု၏။ ကျွန်းပင်၏သဘောသဘာဝမှာ စိုက်ခင်းထူထောင်ပြီး ကောင်းစွာစောင့်ရှောက်မှု မပြုလုပ်သော် မြေတိုက်စားမှုကိုဖြစ်စေ၏။ ထို့ကြောင့်လည်း Teak is a bad forester. ဟုပြောခဲ့ကြသည်။

ကျွန်းရွက်သည် အလွန်ကြီးမားသော အရွယ် (၁ ပေ × ၁ ဒသမ ၅ ပေ)အထိရှိပြီး အရွယ်ရောက်ကျွန်းပင်အမြင့်မှာ ပျမ်းမျှ (၈၀-၁၀၀)ပေ ရှိပါသည်။ ထို့ကြောင့် မိုးပေါက်မိုးဖွဲများသည် ပင်မြင့်ထက်ရှိ ကြီးမားကျယ်ပြန့်သော ကျွန်းရွက်ပေါ်တွင် စုစည်းပြီး ပမာဏကြီးမားသော မိုးပေါက်အဖြစ် ပြောင်းလဲကာ ထိုမိုးပေါက်ကြီးသည် အမြင့်ပေ (၈၀-၁၀၀)မှ ကျသည့်အခါ မြေကြီးမြေမှုန်တို့ကို လွင့်စဉ်စေပြီး မြေဆီလွှာတိုက်စားခြင်းကို ဖြစ်စေ၏။ ကျွန်းပင်အောက်၌ ဝါးပင်ရှိပါက ဝါးပင်ကတစ်ဆင့် ခံနေ၍ မိုးပေါက်ကြီးသည် ဖြစ်စဉ်နှစ်ခုသို့ ပြောင်းသွားသည်။

(၁) မိုးပေါက်အရှိန်လျော့သွားခြင်းနှင့်

(၂) ဝါးရွက်သည် သေးသွယ်-မျှင်မျှင်သာရှိ၍ ကြီးမားသော မိုးပေါက်ပမာဏကို သေးငယ်သော မိုးပေါက်အလုံးလေးများ၊ အမှုန်အမွှားများအဖြစ်သို့ ပြောင်းလဲစေခြင်းတို့ပင် ဖြစ်ပါသည်။

ပြန်၍ သုံးသပ်ကြည့်ပါက ဝါးပင်သည် ကျွန်းပင်အတွက် အောက်ပါတို့ကို အကျိုးပြုကြောင်း တွေ့ရလေ၏။

(၁) လေပြင်းဒဏ်မှ ကာကွယ်ခြင်း
(၂) သဘာဝမြေသြဇာထောက်ပံ့ခြင်း
(၃) မြေတိုက်စားမှုမှ ကာကွယ်ခြင်း
(၄) ကျွန်းစေ့ကြွေကျသောအခါ နောက်ထပ် ကျွန်းပင်ပေါက်ရန် (မြေဆီလွှာကောင်းနေ၍) အထောက်အကူပြုခြင်း
(၅) ကျွန်းနှင့် ဝါးမျိုးစုံရောနှောပေါက်၍ ဇီဝမျိုးစုံသည့်သဘောဖြစ်စေခြင်းတို့ဖြစ်သည်။

အမှတ်စဉ် (၄)မှာ သစ်တောမြေပေါ်ဝယ် ဝါးရွက်တို့၏ မြေဆွေးက အရင်တည်ရှိနေပြီးဖြစ်သောကြောင့် ကျွန်းပေါက်ရန် အထောက်အကူပြု ကျေးဇူးပြုခြင်းသဘောဖြစ်ပါသည်။ ထို့ကြောင့် ကျွန်းစေ့ကြွေကျလာသောအခါ အစေ့အညှောက်ပေါက်ရန် အဆင်သင့်ဖြစ်နေ၏။ ယင်းအပြင် ဝါးနှင့် ကျွန်းရောစိုက်ခြင်းသည် ကျွန်းစိုက်ခင်းပိုင်ရှင်အားလည်း ကျွန်းမှ ဝင်ငွေမရမီ ဝါးပင်မှ ကြားဖြတ်ဝင်ငွေရရှိရေး အထောက်အကူပြု၏။

သစ်တောပညာသင်ကြားခဲ့စဉ်က ကျွန်တော့်ဆရာများက သင်ကြားပေးလိုက်သော အလွန်တန်ဖိုးရှိသည့်စကားလုံးလေးကို ဖောက်သည်ချလိုပါ၏။ ယင်းမှာ Observe the nature and follow it. ဖြစ်ပါ၏။ သဘာဝကို လေ့လာပါ၊ လိုက်နာပါဟူ၍ ဖြစ်ပါသည်။ သဘာဝသစ်တော တစ်ဧကတွင် သဘာဝပေါက်ပင်များအားလုံးအနက် ကျွန်းပင်၏ ပါဝင်နှုန်းမှာ (၁၀ နှင့် ၂၀)ပင်ကြားရှိသာရှိပါသည်။ သို့သော် တစ်ဧကေ အပင် ၆၀၀ စိုက်ကြ၏။ စပါးနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးရေးကဲ့သို့ မဟုတ် သစ်တောသစ်ပင်စိုက်ရခြင်းမှာ နှစ်ရှည်ကြာ၏။ လူက မြေသြဇာကျွေး၍ လုပ်ရသော်လည်း ဧရိယာ ဧကရာထောင်ချီသော သစ်တောစိုက်ခင်းကို မြေသြဇာ ကျွေးရန်မလွယ် သဘာဝအတိုင်းသာ ဝါးမှရရှိသောသဘာဝမြေသြဇာ ကျွေးနိုင်ဖို့ အရေး ကျွန်းနှင့်ဝါး ရောစိုက်ရန် စဉ်းစားဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသား တင်ပြလိုက်ရပါသည်။ ။

အုတ်တွင်းမြို့နယ်၌ အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး

အုတ်တွင်း ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၏ အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆေးထိုးစုရပ်ဖွင့်ပွဲကို အုတ်တွင်းမြို့ဈေးရပ်ကွက် စုရပ်တွင် မတ် ၂၂ ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းနှင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး အသက်ကိုးလမှ ငါးနှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

တစ်မြို့နယ်လုံး ကလေးငယ်ဦးရေ စုစုပေါင်း ၁၈၃၁၂ ဦး ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သက်ကြီးဆရာဝန်များအတွက် Day Care Centre ဖွင့်လှစ်

ရန်ကုန် ဧပြီ ၇

၂၀၁၂ခုနှစ် ဧပြီ ၇ရက်တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် သက်ကြီးသူတို့ကျန်းမာဖို့ လူမှုဘဝမြင့်တင်စို့ အဆိုကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ သက်ကြီးဆရာဝန်များအတွက် နားနေရာ Day Care Centreကို မတ် ၁ရက်မှ စတင်၍ အမှတ် ၁၄-A တောင်မြင်းပြိုင်ကွင်းလမ်း တာမွေကြီး(ခ)ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၈၆၀၃၅၁၃တွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံဆရာဝန်များအသင်း:)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အိန္ဒိယရေတပ်အတွက် ဘက်စုံသုံးစစ်ရဟတ်ယာဉ်များ ဒေါ်လာ ၄ ဘီလီယံကျော်ဖိုး ဝယ်မည်

နယူးဒေလီ ဧပြီ ၇

အိန္ဒိယနိုင်ငံက ရေတပ်စွမ်းရည်တိုးမြှင့်ရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဘီလီယံဖိုးရှိသည့် ဘက်စုံသုံးစစ်ရဟတ်ယာဉ်များ **(ဓါတ်ပုံ)**ကို ဝယ်ယူမည့် ကမ္ဘာ့အကြီးမားဆုံး စစ်ဘက်ဆိုင်ရာလက်နက်ပစ္စည်းဝယ်ယူမှုငွေကြေးကို အသုံးပြုမည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက ဧပြီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

အားဖြည့်ပေး

အဆိုပါဝယ်ယူမှုတွင် အိန္ဒိယရေတပ်သုံး စစ်ဘက်ရဟတ်ယာဉ် ၇၅ စင်း အပါအဝင် အခြားစစ်အသုံးအဆောင်ပစ္စည်းများပါဝင်သည်။ ထိုသို့ ရေတပ်စွမ်းရည်ဖြည့်ဆည်းမှုသည် ရေပြင်ပိုင်နက်အတွင်း လုံခြုံရေးစွမ်းပကားတိုးမြှင့်ခြင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ပေးနိုင်ရေးအတွက် ဖြစ်သည်။

အိန္ဒိယရေတပ်သည် ၎င်းစစ်ရဟတ်ယာဉ်များကို ရေငုပ်သင်္ဘောများအား တိုက်ခိုက်ရာတွင်လည်းကောင်း၊ အထူးတပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်ရာတွင်လည်းကောင်း၊ မြေပြင်တိုက်ခိုက်မှုတွင်လည်းကောင်း အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါရဟတ်ယာဉ်များကို အမေရိကန်နိုင်ငံမှ ဝယ်ယူရန် စီစဉ်ထားသည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယားရှိ ဈေးတစ်ဈေးအတွင်း သေနတ်သမားများ ဝင်ရောက်ပစ်ခတ်

မိုင်ဒီဒူဂူရီ ဧပြီ ၇

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဈေးတစ်ဈေးအတွင်း ဧပြီ ၆ ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် ကိုးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ဂျီးရီးယားအရာရှိများက ဧပြီ ၇ ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း မိုင်ဒီဒူဂူရီမြို့ရှိ ဈေးအတွင်း ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီခန့်က သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းဈေးသည် မိုင်ဒီဒူဂူရီမြို့ လူစည်ကားရာနေရာတွင်တည်ရှိပြီး စီးပွားရေးအချက်အချာကျသည့်နေရာလည်းဖြစ်သည်။ အကြမ်းဖက်သေနတ်သမားများမှာ စုစုပေါင်း သုံးဦးဖြစ်ပြီး နိုင်ဂျီးရီးယားတပ်ဖွဲ့က ပစ်သတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သေနတ်သမားများသည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာနိုပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်ထားသူများဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အပိုင်စီးခံထားရသော တရုတ်ကုန်သင်္ဘော ပြန်လည်လွတ်မြောက်လာ

တီဟီရန် ဧပြီ ၇

အိုမန်ပင်လယ်ကွေ့ရေပြင်တွင် ဆိုမာလီပင်လယ်ဓားပြများ အပိုင်စီးသွားခဲ့သည့် တရုတ်ကုန်တင်သင်္ဘောတစ်စင်းမှာ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း အီရန်နိုင်ငံ တီဟီရန်မြို့ရှိ တရုတ်သံရုံးက ဧပြီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းသင်္ဘောသည် တရုတ်နိုင်ငံအရှေ့ပိုင်း နန်ကျင်းအိုးရှင်းသင်္ဘောကုမ္ပဏီပိုင်ဖြစ်ပြီး ပနားမားနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောဖြစ်သည်။ အဆိုပါ သင်္ဘောပေါ်၌ သင်္ဘောသားစုစုပေါင်း ၂၈ ဦးလိုက်ပါသွားရာ ယခုအခါ အားလုံးပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်သည်။

အဆိုပါသင်္ဘော **(ယာပုံ)**သည် အီရန်နိုင်ငံတောင်ပိုင်း ချာဘာဟာဆိပ်ကမ်းကမ်းလွန် အိုမန်ပင်လယ်ကွေ့ရေပြင်တွင် ဧပြီ ၆ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။

ယခုအခါ အီရန်အာဏာပိုင်များ၏ ကြိုးစားပေးမှုကြောင့် ၎င်းကုန်တင်သင်္ဘောမှာ သင်္ဘောသား ၂၈ ဦးနှင့်အတူ ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၇-၄-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

ဗီယက်နမ်စစ်ပွဲအတွင်း ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှ အမေရိကန်လေသူရဲ၏ပစ္စည်းများ ပြန်လည်ဖော်ထုတ်ပေးအပ်ခဲ့

ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် ၁၉၇၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဗီယက်နမ်စစ်ပွဲအတွင်း ပျက်ကျခဲ့သည့် ရဟတ်ယာဉ်တစ်စင်းမှ ပျောက်ဆုံးခဲ့သည့် အမေရိကန်လေသူရဲ၏ ကျန်ရှိသည့်အသုံးဆောင်ပစ္စည်းများကို ပြန်လည်ဖော်ထုတ်ကာ ၎င်း၏ မိသားစုများထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဧပြီ ၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါလေသူရဲမှာ အမေရိကန်နိုင်ငံ မတ်ဆာချူးဆက်ပြည်နယ် အာလန်တန်မြို့ နည်းပညာလေတပ်မှ တပ်ကြပ်ကြီး အလန်ဂျေဖြစ်ပြီး ၎င်းနှင့်အခြားလေတပ်သား ငါးဦးတို့ စီးနင်းလာသည့် ***HH-53 C Super Jolly Green Giant*** *အမည်ရှိ ရဟတ်ယာဉ်သည် ကယ်ဆယ်ရေးနှင့် ရှာဖွေတိုက်ခိုက်ရေးဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကျွန်ထရီပြည်နယ် ဝေဟင်အပေါ်ပျံသန်းလာစဉ် ရန်သူများ၏ တိုက်ခိုက်ပစ်ချခံရမှုကြောင့် ပျက်ကျခဲ့ပြီး မြေပြင်ပေါ်ကျကာ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။*

မက္ကဆီကို မူးယစ်ရာဇဂိုဏ်းခေါင်းဆောင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံရ

အမေရိကန်ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းတစ်ဦးနှင့် သူမ၏ခင်ပွန်းသည် သေဆုံးမှုနှင့်ဆက်နွယ်ပြီး တရားစွဲခံထားရသည့် မက္ကဆီကိုမူးယစ်ရာဇဂိုဏ်းခေါင်းဆောင်တစ်ဦးသည် မိမိကိုယ်တိုင်လူသတ်မှုကျူးလွန်ခဲ့သည်ဟု ထွက်ဆိုခဲ့ပြီးနောက် အမေရိကန်နိုင်ငံ တက္ကဆက်တရားသူကြီးက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

အသက် ၃၄ နှစ်အရွယ် ဂျိုးစ်အန်တိုနီယိုအမည်ရှိ အဆိုပါတရားခံသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု၊ ငွေစက္ကူအတုပြုလုပ်မှုများဖြင့် တရားစွဲခဲ့ရကာ ၎င်းအနေဖြင့် တရားမဝင်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်ဟုလည်း လျှောက်လဲချက်တွင် ထွက်ဆိုခဲ့သည်။

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ကူးတို့လှေတိမ်းမှောက်

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ယခုသီတင်းပတ်အစောပိုင်းက ရေကန်တစ်ခုအတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်နေစဉ်အတွင်း ကူးတို့လှေတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးသွားသည့် လျှပ်စစ်အလုပ်သမားငါးဦး၏ ရုပ်အလောင်းအား ကယ်ဆယ်ရေးသမားများက ပြန်လည်တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါကူးတို့လှေသည် ဧပြီ ၃ ရက် ညပိုင်းက တူရကီနိုင်ငံအရှေ့ပိုင်း အာဇူရမ်ပြည်နယ် အစကာလီခရိုင်ရှိ ကာရာစု-၂ ရေလှောင်တမံအတွင်း၌ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တူရကီလျှပ်စစ်ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီမှ အလုပ်သမားငါးဦးတို့သည် ရေလှောင်ကန်တွင် လျှပ်စစ်ဓာတ်အားလိုင်းတစ်ခုကို ပြန်လည်ပြုပြင်ရန် အဆိုပါ လှေ၏ခြေနင်းတစ်ခုပေါ်တွင် ရှိနေခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများသည် ရေကန်အတွင်းရှိ ရေခဲများအားဖြတ်သန်းစဉ် ကြီးမားသော ရေခဲအပိုင်းအစများနှင့် တိုက်မိပြီးနောက် ကူးတို့လှေမှာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ

ပါကစ္စတန်မြောက်ပိုင်းတွင် ဆီးနှင်းများပြိုကျမှုကြောင့် သေဆုံးသူ ၁၀ ကျော်ရှိခဲ့

အစ္စလမ္မာဘတ် ဧပြီ ၇

ပါကစ္စတန်မြောက်ပိုင်း စီအယ်ချန်ဆီးနှင်းဖုံးလွှမ်းရာနယ်မြေအတွင်း၌ စစ်တပ်အခြေစိုက်စခန်းတွင် ဆီးနှင်းပြိုကျမှုဖြစ်ပွားရာ စစ်သားအနည်းဆုံး ၁၀သေဆုံးကြောင်း၊ ၁၀၀ကျော်ခန့်မှာ ဆီးနှင်းထုအောက်ပိမိလျက်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဧပြီ ၇ ရက်တွင် သတင်း၌ဖော်ပြသည်။

ဆီးနှင်းပြိုကျမှုဖြစ်ပွားသည်မှာ ပါကစ္စတန်ထိန်းချုပ်ခံ ကတ်ရှ်မီးယားဒေသအတွင်း အိန္ဒိယနှင့်ပါကစ္စတန်နယ်စပ် အနီးတွင်ဖြစ်ပြီး ယင်းနယ်မြေအခြေစိုက်စစ်စခန်းမှာ ဆီးနှင်းများ ပြိုကျခဲ့ကြောင်း စစ်တပ်သတင်းအရင်းအမြစ်က ပြောကြားချက်ကို ဒေသအတွင်းအူရဒူရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ **(ဓါတ်ပုံ)**

သေဆုံးသူစစ်သားဦးရေကို လတ်တလော၌ တရားဝင်အတည်ပြုချက် မရရှိသေးကြောင်း၊ ဧပြီ ၇ ရက် နံနက် ၆ နာရီခန့်က ဆီးနှင်းပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဆီးနှင်းဖုံးလွှမ်းသွားသော စစ်စခန်းတွင် စစ်သား ၁၀၀ ကျော်နှင့်အမှုထမ်းများ ပိတ်မိလျက်ရှိကြောင်း၊ ဆီးနှင်းပြိုကျရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ ထွက်ခွာသွားပြီဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

အချို့သောသတင်းဖော်ပြချက်များတွင်မူ ပင်လယ်မျက်နှာပြင် အမြင့် မီတာ ၆၄၀၀ တွင်ရှိသော ယင်းနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များသွားရောက်ရေးတွင် ဆိုးရွားသည့် ရာသီဥတုအနေအထားက ပြဿနာအဟန့်အတားအဖြစ် ကြုံတွေ့နေရလျက်ရှိကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

ကရာချိမြို့၌ သေနတ်သမားများ ချောင်းမြောင်းပစ်ခတ် ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၇

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိဆိပ်ကမ်းမြို့တွင် အမည်မသိသေနတ်သမားများ၏ ချောင်းမြောင်းပစ်ခတ်မှုကြောင့် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ကရာချိမြို့၌ ဧပြီ ၅ ရက် နံနက်ပိုင်းက မော်တော်ဆိုင်ကယ်များ စီးနင်းလာသည့် သေနတ်သမားများက ရဲတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ပြီးနောက် ထိုနေရာမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။ နီးရာဆေးရုံသို့ မတင်ပို့မီမှာပင် ရရှိထားသောဒဏ်ရာဖြင့် ရဲတပ်ဖွဲ့ဝင်များသေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ အခင်းဖြစ်နေရာမှ ကျည်ဆန်ခွံများကို စစ်ကြည့်သောအခါ သေနတ်သမားများက အေကေ-၄၇ ရိုင်ဖယ်ဖြင့် ပစ်ခတ်သွားကြောင်း သိရှိရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ လောင်စာဆီတင်ကားတစ်စီး မီးလောင်ပေါက်ကွဲမှုဖြစ်၊ ခုနစ်ဦးသေဆုံး

ကန်ဒါဟာ ဧပြီ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တောင်ပိုင်း၌ လောင်စာဆီတင်ထရပ်ကားတစ်စီး ဧပြီ ၆ ရက် နံနက်က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အရပ်သားခုနစ်ဦး သေဆုံးခဲ့ပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

ပန်ဂျဝီခရိုင် ခလီမာနန်ဒါဒေသရှိ လမ်းမကြီးတစ်နေရာတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က ဆီတင်ထရပ်ကားတစ်စီး ပေါက်ကွဲမီးလောင်ခြင်းဖြစ်ပွားပြီး ထိုမီးလောင်မှုကြောင့် မီနီဘတ်စ်ကားတစ်စီးကိုပါ မီးဟပ်လောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း ခရိုင်ရဲမှူးကြီးဆာဒါမိုဟာမက်က ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။ မီနီဘတ်စ်ကားအတွင်းမှ ခရီးသည်အမျိုးသမီးနှစ်ဦးအပါအဝင် ခရီးသည်ခုနစ်ဦး မီးလောင်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အခြားဒဏ်ရာရရှိသူ သုံးဦးရှိကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ **(အပေါ်ပုံ)**

မည်သည့်အတွက်ကြောင့် ဆီတင်ထရပ်ကား မီးလောင်ပေါက်ကွဲသည်ကို လတ်တလော မသိရသေးသော်လည်း ဖြစ်ပွားရာသို့ ရဲဝန်ထမ်းများရောက်ရှိပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။ မီးလောင်မှုဖြစ်ရာတွင်ရှိနေသူတစ်ဦးက တာလီဘန်များဖြစ်ပုံရသော လက်နက်ကိုင်များက ဆီတင်ထရပ်ကားအား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသို့ပြောကြားခဲ့သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ပရီမီယာလိဂ် ပွဲစဉ်(၃၂) ယှဉ်ပြိုင် နယူးကာဆယ် အဝေးကွင်း၌ နိုင်ပွဲရရှိ

လန်ဒန် ဧပြီ ၇

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ကို ဧပြီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဆွမ်ဆီးနှင့် နယူးကာဆယ်တို့ပွဲတွင် နယူးကာဆယ်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်တန်းစီဇယား ဆဋ္ဌမနေရာ၌ ရပ်တည်နေသည်။ **(အောက်ပုံ)**

ဆွမ်ဆီးအသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း အဆုံးသတ်ဂိုးသွင်းမှုများမသေချာသဖြင့် ချေပဂိုးတစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။ ဆွမ်ဆီးတို့ အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားခဲ့သော်လည်း စိုးရိမ်စိတ်များနေမှုကြောင့် အခွင့်အရေးများကို အပြည့်အဝအသုံးမချနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းသည် အဝေးကွင်း၌ ကစားရသော်လည်း ကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့ပြီး အပေးအယူ မှန်မှန်ဖြင့် ကစားခဲ့မှုကြောင့် ပွဲအစ ၅ မိနစ်၌ပင် ဆစ်ဆေးက နယူးကာဆယ် အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း ဆွမ်ဆီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၆၉ မိနစ်၌ နယူးကာဆယ်မှ ဆစ်ဆေးကပင် ဒုတိယဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုးပြတ်ဖြင့် နယူးကာဆယ်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိသဖြင့် နယူးကာဆယ်တို့ ၃၂ ပွဲကစား၊ ၁၆ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးဖြင့် ၅၆ မှတ်ရရှိကာ ချယ်လ်ဆီးနှင့် အမှတ်တူသော်လည်း ဆဋ္ဌမနေရာ၌ ရပ်တည်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

■ *ကျော်ဖုံးမှ*

ဒီညနောက်ပိုင်းမှာ အဓိကပြိုင်ပွဲကြီးတစ်ပွဲဖြစ်တဲ့ အာဆင်နယ်နဲ့ မန်စီးတီးတို့ ယှဉ်ပြိုင်ကြဖို့ရှိပါတယ်။ ထိပ်ဆုံးလေးသင်း ရပ်တည်နိုင်ဖို့ အာဆင်နယ်ကလည်း နိုင်ပွဲတွေ လိုအပ်နေတဲ့ အသင်းတစ်သင်းပါပဲ။ အာဆင်နယ်တို့ အိမ်ကွင်းကစားရမှာဆိုတော့ အခြေအနေကောင်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒီပွဲမှာ အာဆင်နယ်က ထိပ်ဆုံးနံပါတ်-၄ နေရာမှ မဆင်းရရေးအတွက် အကြိတ်အနယ်ကာကွယ်မယ့် အနေအထားပါပဲ။ သို့ပေမယ့် ဒီပွဲဟာ မန်စီးတီးအတွက်တော့ အနိုင်ကစားမှုဖြစ်မှာပါ။ သို့မဟုတ်လျှင် ပြိုင်ဘက်မန်ယူနှင့်ရမှတ်ချင်းကွာဟမှု ပို၍ များလာနိုင်ပါတယ်။ ဒါကြောင့်မို့ ယနေ့ညပိုင်းကစားမယ့် မန်ယူနဲ့ ကျူပီအာ၊ အာဆင်နယ်နဲ့ မန်စီးတီးတို့ရဲ့ အားပြိုင်ပွဲတွေဟာ ဘောလုံးပရိသတ်တွေကို ညို့ယူဖမ်းစားနိုင်ဆုံးပွဲတွေ ဖြစ်လာမှာသေချာပါတယ်။ ***(အင်တာနက်)***

❍ *ကျော်ဖုံးမှ*

ကစားခဲ့သဖြင့် စပါးတို့ ဂိုးမရ ဖြစ်ခဲ့သည်။ စပါးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဗန်ဒါဗတ်နှစ်ကြိမ်တိုင် ဂိုးရရှိရေး ကြိုးစားခဲ့ရာ ဆန်းဒါးလန်းနောက်တန်း ကစားသမားများ၏ ဖျက်ထုတ်ကာကွယ်နိုင်ခဲ့မှုကြောင့် ဂိုးမရခဲ့ခြင်းလည်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၀-၃	ဖူလ်ဟမ်
ချယ်လ်ဆီး	၂-၁	ဝီဂန်
လီဗာပူး	၁-၁	အက်စ်တွန်ဗီလာ
နော့ဝှစ်	၂-၂	အဲဗာတန်
ဝက်စ်ဘရွန်း	၃-၀	ဘလက်ဘန်း
စတုတ်	၂-၁	ဝုလ်ဗ်

(အင်တာနက်)

အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံ။

ချာလက်စတန် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ ဆီရီနာဝီလျံ နိုင်ပွဲရရှိ

ချာလက်စတန် ဧပြီ ၇

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့၌ ကျင်းပလျက်ရှိသော ချာလက်စတန်ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ တတိယအဆင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများကို ဧပြီ ၆ ရက်က ယှဉ်ပြိုင်ကစားရာ ဆီရီနာဝီလျံက အီရာကိုဗစ်အား အနိုင်ရရှိခဲ့သည်။

အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် နယူးဇီလန်တင်းနစ်မယ် အီရာကိုဗစ်အား ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး စတုတ္ထအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ ရုရှားတင်းနစ်မယ် ပက်ထရိုဗာက တစ်နိုင်ငံတည်းသူ ပါဗလူချင်ကိုဗာအား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံက ဩစတြေးလျတင်းနစ်မယ် ရိုဒီရိုနိုဗာအား ၇-၅၊ ၆-၂ ဖြင့်အနိုင်ရရှိခဲ့သည်။

တစ်ဖန် ဆလိုဗေးနီးယားတင်းနစ်မယ် ဟာကော့က ပြင်သစ်တင်းနစ်မယ် ဘာတိုလီအား ၆-၄၊ ၁-၆၊ ၆-၄ဖြင့်အနိုင်ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ကီရင်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဂျပန်က ဘရာဇီးကို အနိုင်ရရှိ



ကိုဘေး ဧပြီ ၇

ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ဧပြီ ၆ ရက်က ကျင်းပသော ကီရင်ဖိတ်ခေါ်ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဂျပန်အမျိုးသမီးဘောလုံးအသင်းက ဘရာဇီးအမျိုးသမီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(ယာပုံ)**

ပွဲအစ ၁၆ မိနစ်၌ပင် ဘရာဇီးအမျိုးသမီးအသင်း ခေါင်းဆောင် ဒိုင်ရာနေက ဘောလုံးရှင်းထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ပြီး ဂိုးစတင်ပေးခဲ့ရသည်။

သွင်းယူပေး

ထို့နောက် ဂျပန်မှ ယူကီနာဂါဆာတိုနှင့် အေယာမီယာမာတို့က တစ်ဂိုးစီသွင်းယူခဲ့သဖြင့် ဂျပန်တို့ သုံးဂိုးရခဲ့သည်။ ထို့နောက် ဘရာဇီးမှ ဖရန့်စီလီက အလွတ်တည်ကန်ဘောမှတစ်ဆင့် ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ပွဲချိန် ၈၉ မိနစ်၌ ဂျပန်မှ ယူအီကာဆူဂါဆာဝါက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဂျပန်အမျိုးသမီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **နိုင်ငံတကာအနုပညာ** နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

➤ ကောင်းမြတ်သူ - စုစည်းသည် ➤

အဆိုတော်ကာတီပယ်ရီ သရီးဒီရုပ်ရှင်ကားရိုက်ပြီ

နယူးယောက် ဧပြီ ၇

ကမ္ဘာကျော်ကနေဒါလူငယ်အဆိုတော်လေး ဂျပ်စတင်ဘီဘာ၏ ကမ္ဘာလှည့်သီဆိုဖျော်ဖြေမှုကို ရုပ်ရှင်ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာက နောက်ထပ်ခြေလှမ်းအဖြစ် အဆိုတော် ကာတီပယ်ရီ၏ ရုပ်ရှင်အခွေကိုလည်း ရိုက်ကူးပေးနေသည်။

စီစဉ်ရိုက်ကူးထား

အဆိုတော် ကာတီပယ်ရီ **(ယာပုံ)** သည် ၂၀၁၁ ခုနှစ်အတွင်း ကယ်လီဖိုးနီးယားအပါအဝင် ကမ္ဘာတစ်ဝန်း လှည့်လည်သီဆိုဖျော်ဖြေခဲ့သည်။ သူမ၏ အဆိုပါ လှည့်လည်ဖျော်ဖြေမှုကို သရီးဒီမှတ်တမ်း ရုပ်ရှင်အဖြစ် ပါရာမောင့် ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးထားသည်။

အဆိုပါ သရီးဒီလှည့်လည်ဖျော်ဖြေမှု ရုပ်ရှင်ကားကို Katy Perry: ရုပ်ရှင်ကား Part of Me ဟုအမည်ပေးထားသည်။ ယင်းသရီးဒီကားသည် အဆိုတော် ကာတီပယ်ရီ၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်သည့် Part of Me ထွက်ရှိခဲ့ပြီးနောက် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ယင်းအယ်လ်ဘမ်သည် Billboard's Hot 100 စာရင်းတွင် ဖေဖော်ဝါရီလက နံပါတ်တစ်ရောင်းအား အကောင်းဆုံး အယ်လ်ဘမ်ဖြစ်ခဲ့သည်။

အဆိုတော်ကာတီပယ်ရီ၏ ယခုရိုက်ကူးလျက်ရှိသည့် သရီးဒီရုပ်ရှင်ကားကို အမေရိကန်နိုင်ငံရှိ ရုပ်ရှင်ရုံများ၌ ဇူလိုင် ၅ ရက်တွင် ပြသမည်ဖြစ်သည်။ ယင်းသရီးဒီရုပ်ရှင်ကားကို ဒါရိုက်တာ Jane Lipsitz နှင့် Dan Cutforth တို့က ရိုက်ကူးပေးထားကြသည်။ **(အင်တာနက်)**

▲ *ကျော်ဖုံးမှ*

ဘူဖို့ဒ်မြို့ပိုင်ရှင်လည်းဖြစ်ပြီး ၎င်းမြို့၏ မြို့တော်ဝန်လည်းဖြစ်သည့် မစ္စတာဒန်ဆမ်မွန်သည် ယင်းမြို့တွင် ၁၉၈၀ ပြည့်နှစ်ကတည်းက တစ်ဦးတည်း နေထိုင်လာခဲ့သူဖြစ်ရာ ယခုအခါ အသက် ၆၀ အရွယ်ရှိနေပြီဖြစ်သည်။ သူ၏တစ်ဦးတည်းသော သားဖြစ်သူမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကပင် တစ်နယ်တစ်ကျေးသို့ ထွက်သွားသဖြင့် မစ္စတာဒန်ဆမ်မွန်တစ်ဦးသာ ၎င်းမြို့၌ နေထိုင်ခဲ့ခြင်းဖြစ်သည်။

ပြုလုပ်ထား

အဆိုပါ ဘူဖို့ဒ်မြို့လေးမှာ ဝိုမင်ပြည်နယ်တွင် ဒုတိယရှေးအကျဆုံး မြို့တစ်မြို့ဖြစ်ပြီး နယူးယောက်မြို့မှ ဆန်ဖရန်စစ္စကိုမြို့သို့အသွား အဝေးပြေးကားလမ်းမဘေးတွင် တည်ရှိသောမြို့ဖြစ်သည်။ ယခုအခါ ၎င်းမြို့လေးတွင် မိုဘိုင်းလ်ဖုန်းတာဝါတစ်ခု ပြုလုပ်ထားသည်။ **(အင်တာနက်)**

❖ *ကျော်ဖုံးမှ*

ဇာတ်ကားဖြစ်သည့် Avatar-2 ရုပ်ရှင်ကားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်းဖြတ်ကာ ရုံတင်ပြသနိုင်ရန် စီစဉ်လျက်ရှိသည်။ ယင်းဇာတ်ကားကို ရုံတင်ပြသနိုင်ပြီးပါက Avatar-3 ရုပ်ရှင်ကားကို ၂၀၁၅ ခုနှစ်အတွင်း ရိုက်ကူးပြသရန်လည်း စီစဉ်သွားမည်ဖြစ်ကြောင်း ရုပ်ရှင်ထုတ်လုပ်သူ ဂျွန်လန်ဒူက ဆက်လက်ပြောကြားသည်။ Avatar-2 နှင့် Avatar-3 ဇာတ်ကားနှစ်ကားစလုံးကို ၂၀၁၅ ခုနှစ် ကုန်ဆုံးချိန်၌ ဆက်တိုက်ပြသနိုင်ရေး ကြိုးစားသွားမည်ဟု ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အဆိုတော် အဒေလီ အယ်လ်ဘမ်သစ်ထွက်မည်

လန်ဒန် ဧပြီ ၇

ကမ္ဘာကျော်အဆိုတော် အဒေလီက သူမအနေဖြင့် ယခုနှစ် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်ကိုယ်တော်တေး အယ်လ်ဘမ်သစ် ထွက်ရှိလာမည်ဖြစ်ကြောင်း ပြင်သစ်ရေဒီယိုသတင်းဌာနသို့ ပြောကြားလိုက်သည်။ သူမသည် ဂျိမ်းစ်ဘွန်းရုပ်ရှင်ကား Skyfall အတွက် နောက်ခံတေးသီချင်းများကိုလည်း သီဆိုအသံသွင်းပေးလိမ့်မည်ဖြစ်ကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။ အဒေလီ **(အပေါ်ပုံ)**သည် ပြီးခဲ့သည့်နှစ်ကတည်းက စာအုပ်ထုတ်ဝေသူအဖြစ် လုပ်ကိုင်ရန်လည်း သတင်းများထွက်ခဲ့သည်။ သို့သော်လည်း ယင်းကိစ္စကို သူမအနေဖြင့် တရားဝင်ကြေညာခြင်းမရှိခဲ့ပေ။

"ကျွန်မအနေနဲ့ 21 တေးအယ်လ်ဘမ်လို စံချိန်တင်လူကြိုက်များဖို့ သီချင်းတွေအများကြီး ရေးဖို့လိုပါသေးတယ်"ဟု အဒေလီက ပြင်သစ်ရေဒီယိုသို့ ပြောကြားသည်။ **(အင်တာနက်)**



ဂျပ်စတင်ဘီဘာ၏သီချင်း လူကြိုက်များလာ

လန်ဒန် ဧပြီ ၇

ယခုတစ်ပတ်အတွင်း iTunes တွင် လူကြိုက်အများဆုံး သီချင်းများ၌ အဆိုတော်ဂျပ်စတင်ဘီဘာ၏ သီချင်းက နံပါတ်တစ်နေရာတွင် ရှိသည်။ **(ဝဲပုံ)**

ဂျပ်စတင်ဘီဘာ၏ Boyfriend ဟု အမည်ရသည့် သီချင်းမှာ လူကြိုက်အများဆုံးဖြစ်သည်။ အဆိုတော်ဖွန်၏ We Are Young မှာ ဒုတိယလူကြိုက်အများဆုံးသီချင်း ဖြစ်သည်။

ထို့အပြင် အဆိုတော်ဂိုတိုက်၏ Somebody That I Used to Know၊ ဗြိတိသျှလူငယ်အဆိုတော်အဖွဲ့ One Direction ၏ What Makes you Beautiful ၊ နစ်ကီမီနမ်၏ Starships ၊ The Wented အဖွဲ့၏ Glad you Carne၊ ကာတီပယ်ရီ၏ Part of Me သီချင်းများလည်း လူကြိုက်များလျက်ရှိသည်။ **(အင်တာနက်)**

❒ *ကျော်ဖုံးမှ*

သူတို့နှစ်ဦးဟာ လက်ထပ်ပွဲပြီးစီးသွားရင်လည်း လက်ရှိလုပ်ကိုင်နေတဲ့ အနုပညာလုပ်ငန်းနဲ့ ဘဏ်လုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ မော်ဒယ်နဲ့ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျူန်ဂျီဝမ်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ထင်ပေါ်ကျော်ကြားတဲ့ရုပ်ရှင်မင်းသမီး ၁၀ ဦးထဲမှာ နဝမနေရာက ပါဝင်နေသူလည်း ဖြစ်ပါတယ်။ **(အင်တာနက်)**

ပုဂံမြို့ရှိ စေတီပုထိုးများစွာသည် မြန်မာတို့၏ အနုပညာလက်ရာများကို ဖော်ညွှန်းနေ

ယွန်းအတတ်ပညာကို ခေတ်မီနည်းပညာနှင့် ပေါင်းစပ်၍ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၇

ပုဂံနေပြည်တော်ကြီးကို တည်ဆောက်ကာကွယ်ခဲ့ကြသော ရှေးမြန်မာများ၏ စည်းလုံးညီညွတ်မှုနှင့် တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီကာ တက်ညီလက်ညီ အကောင်အထည်ဖော်ခဲ့သည့်၊ လုပ်ငန်းတစ်ခုပြီးမြောက်အောင်မြင်သည့် သင်္ကေတပြယုဂ်တစ်ခုမှာ ယွန်းပညာဖြင့် ပြုလုပ်ထားသော ရှေးဟောင်းယွန်းထည်ပစ္စည်းများပင်ဖြစ်ကြောင်း၊ နှစ်ပေါင်းရာထောင်ချီ တာရှည်ခံကာ တန်ဖိုးကြီးမားသောပစ္စည်းတစ်ခုအဖြစ် ဖန်တီးရန် အခြေခံဝါးပစ္စည်းမှ အဆင့်ဆင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း မဟုတ်ဘဲ ကိုယ်စီကျွမ်းကျင်လိမ္မာမှုဖြင့် ပေါင်းစည်းညှိနှိုင်း ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအား လေ့လာခြင်းဖြင့် ရှေးမြန်မာများ၏ စည်းလုံးညီညွတ်စွာ လုပ်ငန်းများအား စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အသက်မွေးမှု အတတ်ပညာများကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ သမဝါယမဝန်ကြီးဌာန ယွန်းပညာကောလိပ်(ပုဂံ)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဒီပလိုမာလက်မှတ်အပ်နှင်းသည့် အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှေးမြန်မာတို့၏ ပထမမြန်မာနိုင်ငံတော် တည်ဆောက်မှုသမိုင်းပြယုဂ်သည် ပုဂံမြို့ဖြစ်ကြောင်း၊ ပုဂံမြို့ရှိ စေတီပုထိုးများစွာသည် မြန်မာတို့၏ စွမ်းအားသတ္တိ၊ ယဉ်ကျေးမှုနှင့် ဗိသုကာ အနုပညာလက်ရာများကို ဖော်ညွှန်းနေကြောင်း၊ ယွန်းအတတ်ပညာများကို တိမ်ကောပပျောက်မှု မရှိစေရန် ထိန်းသိမ်းကြရမည့်အပြင် ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယွန်းထည်ပစ္စည်းထုတ်လုပ်ရာတွင် နှီးဖြာခြင်းမှစ၍ ယွန်းဆင်သူ၊ ယွန်းခွဲသူ၊ အနက်ထည်ကိုင်သူ၊ ယွန်းပန်းချီရေးသူ စသည်ဖြင့် ပညာရှင်များစွာ ကိုယ်စီကျွမ်းကျင်မှုဖြင့် စုပေါင်းဆောင်ရွက်ရသည့် သဘာဝသည် သမဝါယမလုပ်ငန်း၊ သမဝါယမသဘောတရားများနှင့် ကိုက်ညီလျက်ရှိကြောင်း၊ ပုဂံဒေသရှိ ယွန်းလုပ်ငန်းများတွင် ယွန်းပညာတစ်ဖက်ကမ်းခတ် ကျွမ်းကျင်သည့် လုပ်ငန်းကျွမ်းကျင်သူများ အများအပြား လိုအပ်လျက်ရှိကြောင်း၊ ယွန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပညာနှင့် အရင်းအနှီး အထောက်အပံ့ရရှိရေးကို သမဝါယမနည်းလမ်းဖြင့် ဆက်လက်အားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။

ထို့နောက် ကျောင်းဆင်း ကျောင်းသား ကျောင်းသူများ၏ ယွန်းအနုပညာလက်ရာများ၊ ယွန်းပစ္စည်းအရောင်းပြခန်းနှင့် ယွန်းပြတိုက်၌ ခင်းကျင်းပြသထားသည့် လွန်ခဲ့သောနှစ်ပေါင်း (၄၀၀/၅၀၀)ခန့်မှ ယွန်းအနုပညာလက်ရာများ၊ ယွန်းထည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လုပ်ငန်းရှင် ဦးဝင်းအောင်၏ အမတယွန်းထည် အလုပ်ရုံနှင့် အရောင်းခန်းမသို့ သွားရောက်ပြီး မြန်မာ့ယွန်းထည်နှင့် ချည်ထည် ထုတ်လုပ်မှုများကို လေ့လာကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမေးမြန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ပန်းတောကျေးရွာ၊ မင်းနန်သူကျေးရွာနှင့် သူငွေးကန်ကျေးရွာများ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ယွန်းထည်လုပ်ငန်း ဆောင်ရွက်သည့် အိမ်ထောင်စုများ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရေး၊ ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဆိတ်နှင့် နွား တိုးတက်မွေးမြူရေးတို့အတွက် သမဝါယမနည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ယွန်းပညာကောလိပ်(ပုဂံ)၏ ယွန်းပြတိုက်၌ ခင်းကျင်းပြသထားသည့် လွန်ခဲ့သောနှစ်ပေါင်း (၄၀၀/၅၀၀) ခန့်မှ ယွန်းအနုပညာလက်ရာများ၊ ယွန်းထည်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဂျပန်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ THE NAIGAI CORPORATION, CEO & President Mr. Yasunori Tanaka ဦးဆောင်သောအဖွဲ့သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးညှိခန်း၌ လာရောက်တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ခွင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၇

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ယခုနှစ်တွင် သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးဆိုင်ရာများကို ဦးစားပေးစဉ်းစားဆောင်ရွက်နိုင်ရေးအတွက် "Ageing and Health"ဟု ရွေးချယ်၍ အဖွဲ့ဝင်နိုင်ငံများအား နှိုးဆော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ "သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့" ဟု ဘာသာပြန်ဆို၍ ပြည်သူတစ်ရပ်လုံးကို နှိုးဆော်အသိပေးသွားမည် ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးသူများအတွက် "သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်" ကို ၁၉၉၂ ခုနှစ်မှစ၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် မြို့နယ်ပေါင်း ၈၈ မြို့နယ်အထိ တိုးချဲ့လွှမ်းခြုံမှု ရှိနေပြီဖြစ်ကြောင်း။

၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ မြို့ပြနေ အမျိုးသားများ၏ ခန့်မှန်းသက်တမ်းသည် ၅၉ နှစ် ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၆၅ ဒသမ ၁ နှစ်အထိလည်းကောင်း၊ မြို့ပြနေ အမျိုးသမီးများ၏ သက်တမ်းသည် ၁၉၉၈ ခုနှစ်တွင် ၆၃ ဒသမ ၂ နှစ်ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၇၀ ဒသမ ၅ နှစ်အထိ လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ကျေးလက်နေ အမျိုးသားများ၏ သက်တမ်းသည် ၅၆ ဒသမ ၂ နှစ်ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၆၃ ဒသမ ၉ နှစ်အထိလည်းကောင်း၊ ကျေးလက်နေ အမျိုးသမီးများ၏သက်တမ်းသည် ၁၉၉၈ ခုနှစ်တွင် ၆၀ ဒသမ ၄ နှစ်ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၆၇ ဒသမ ၄ နှစ်အထိ လည်းကောင်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးသာမက လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးစသည့် နယ်ပယ်အားလုံးတွင် တိုးတက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသကဲ့သို့ အခြားနှီးနွယ်သော ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များကလည်း အဘက်ဘက်မှ ပူးပေါင်း ကူညီလုပ်ဆောင်ပေးကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. H. SB. Tennakoon က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Sam Lee Plianbangchang ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသော ၂၀၁၂ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "သက်ကြီးသူတို့ ကျန်းမာဖို့ လူမှုဘဝမြှင့်တင်စို့" ဖြစ်သည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ကျပ်သိန်း ငါးဆယ်ကနေ ရှစ်ဆယ်လောက်အထိ ပေးကြရတယ်။ ရေအတွက်ကလည်း သူများမဏ္ဍပ်နဲ့ အပြိုင်အဆိုင် ရေအားကောင်းဖို့ လိုအပ်သလို လုံခြုံရေးနဲ့ မဏ္ဍပ်အပြင်အဆင်၊ အကျွေးအမွေး စတာတွေအတွက် ကုန်ကျစရိတ် အားလုံးပေါင်းရင် ပိုက်တစ်ပိုက်ကို ဒီဈေးလောက်မှ တွက်ခြေကိုက်မယ်" ဟု ကန်တော်ကြီး ပတ်လမ်းအတွင်း တည်ဆောက်မည့် ဟစ်ဟော့ပ် အဆိုရှင်အများစု စုစည်းရာမဏ္ဍပ် တစ်ခုမှ တာဝန်ခံ အဆိုတော်တစ်ဦးက ရှင်းပြသည်။

ယခုနှစ် သင်္ကြန်ကာလမှာ ငါးရက်ဖြစ်သည့်အပြင် ရေပက်လိုသူများအား အကြိုအပို့စီစဉ်ပေးခြင်း၊ ပက်လိုသည့်ရက်ကို ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ အစားအစာနှင့် ပိုက်ဖိုးများကို ၁၀ ပိုက်ဝယ်ပါက တစ်ပိုက်လက်ဆောင်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ရေပက်လိုသူများအား ရေပက်ရန်အတွက် မက်လုံးပေးလျက်ရှိပြီး လူငယ်အများစုမှာ မဏ္ဍပ်ငယ်များထက် မဏ္ဍပ်ကြီးများတွင်သာ ပက်လိုကြကြောင်း သိရှိရသည်။

"တစ်နှစ်မှာ တစ်ခါပဲပျော်ကြရတဲ့အတွက် လူငယ်အများစုက အသံစနစ် ကောင်းမွန်ပြီး နာမည်ကြီးတဲ့ မဏ္ဍပ်တွေမှာပဲ ပက်ချင်ကြပါတယ်။ ဈေးနှုန်းတွေက ရိုးရိုးမဏ္ဍပ်ငယ်တွေမှာပက်ရင် သက်သာပေမယ့် အများစုကတော့ ကန်တော်ကြီးနဲ့ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံလမ်းက မဏ္ဍပ်တွေကိုပဲ အဓိကရွေးချယ်ဖို့ရှိတယ်" ဟုကန်တော်ကြီးပတ်လမ်း မဏ္ဍပ်များ၌ ရေပက်ရန်ရည်ရွယ်ထားသူတစ်ဦးက ပြောပြသည်။ လက်ရှိတွင် မဏ္ဍပ်ကြီးများ၌ ရေကစားလိုသူများအနေဖြင့် သင်္ကြန်ရက်ပြည့်ကို ကျပ်ခြောက် သောင်းမှ လေးသောင်းခွဲ တစ်ရက်ချင်း ပက်မည်ဆိုပါက ငွေကျပ်တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းနှင့် မဏ္ဍပ်အလတ်များ၌ ရေကစားမည်ဆိုပါက ရက်ပြည့်ဆိုလျှင် ငွေကျပ်သုံးသောင်းမှ နှစ်သောင်း ဝန်းကျင်ကျသင့်မည်ဖြစ်ပြီး မဏ္ဍပ်အရွယ်အစားစုံ၌ နောက်ဆုံးနေ့ တစ်ရက်သာ ရေပက်မည်ဆိုပါက ပုံမှန်တစ်ရက်ချင်း ဈေးနှုန်းထက် ပိုပေးရဖွယ်ရှိကြောင်း မဏ္ဍပ်ဆောက်သူများထံမှ သိရှိရသည်။

ရန်ကုန်မြို့၌ မဏ္ဍပ်ပေါင်း ၄၄ ခုကို လက်ရှိတွင် တည်ဆောက်ရန် ခွင့်ပြုထားပြီးဖြစ်ကာ အချို့မဏ္ဍပ်များမှာ ဆောက်လုပ်ပြီးစီးသည့် အနေအထားကြောင့် ရေပက်လိုသူများ သွားရောက်စုံစမ်းနေကြပြီဖြစ်ကြောင်း သိရှိရသည်။

◆ *ကျော့ဖုံးမှ*

အခက်အခဲဖြစ်နေရပါတယ်။ လမ်းမတန်းပေါ်မှာနေကြတဲ့ အိမ်ရှင်တွေက မဏ္ဍပ်ဆောက်ဖို့ပြောတာကို အများအားဖြင့် လက်သင့်မခံကြဘူး။ သူတို့တွေက အသံဆူညံတာတွေ၊ ရန်ဖြစ်မှာတွေကို စိုးရိမ်ပြီး နေရာကိုမပေးလိုကြဘူး။ အများစုက ခွင့်မပြုလို့ မဏ္ဍပ်ဆောက်ဖို့ အစီအစဉ်ကိုတောင် လက်လျှော့ရမလို ဖြစ်နေတယ်''ဟု မဏ္ဍပ်ဆောက်လုပ်လိုသူ ကိုရွှေသွေးနှင့် ကိုမျိုးသူတို့က သူတို့ အတွေ့အကြုံကို ပြောကြားသည်။ မဏ္ဍပ်ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးသို့ လျှောက်ထားရမည့်အပိုင်းများမှာ အရင်နှစ်များကထက်စာလျှင် လွယ်ကူသော်လည်း မဏ္ဍပ်နေရာရရှိရေးနှင့် မဏ္ဍပ်လတ်များနှင့် အငယ်စားများအတွက် နောက်ထပ်ဆောက်လုပ်ရန် အခက်အခဲတစ်ခုမှာ မဏ္ဍပ်ရပ်တည်ရေးအတွက် ထောက်ပံ့ပေးမည့်ကုမ္ပဏီများ အရင်နှစ်များကထက် နည်းပါးလာခြင်း ဖြစ်ကြောင်း သိရှိရသည်။

''မဏ္ဍပ်ကြီးတွေဆောက်ကြတဲ့သူတွေက များသောအားဖြင့် ငွေကြေးတတ်နိုင်ကြပေမယ့် မဏ္ဍပ်အလတ်စားနဲ့ မဏ္ဍပ်ငယ်တွေဆောက်လုပ်တဲ့သူတွေက အဓိကအနေနဲ့ စပွန်ဆာပေးတဲ့ ကုမ္ပဏီတွေကို အားကိုးကြရတာ။ ဒီနှစ်မှာက ဘီယာအရက်၊ ဆေးလိပ်ကုမ္ပဏီက စပွန်ဆာမပေးကြတော့ မဏ္ဍပ်ငယ်တွေ ဆောက်လုပ်ဖို့ကို အတော်ကြီးခက်ခဲလာပါတယ်။ မဏ္ဍပ်အလတ်စားတစ်ခုကို ဆောက်မယ်ဆိုရင် လက်ထဲမှာ ပိုက်ဆံသိန်း ၂၀ လောက် အရင်ဆုံး မတည်ထားနိုင်မှ ဖြစ်တဲ့အတွက် ဒီနှစ်ကို မဏ္ဍပ်ငယ်လေးတွေ နည်းပါးလာနိုင်တယ်''ဟု မဏ္ဍပ်ဆောက်လုပ်သူတစ်ဦးက ခန့်မှန်းသည်။

သင်္ကြန်တွင်းလူစည်ကားရာ နေရာအများစုနှင့် နီးစပ်သည့် လမ်းမကြီးများ တစ်လျှောက်တွင် မဏ္ဍပ်လေးများကို အများဆုံးတွေ့ရှိကာ အများအားဖြင့် အချိုရည်နှင့် စားသောက်ကုန်လုပ်ငန်းငယ်များမှ အများဆုံးစပွန်ဆာပေးကြကြောင်း သိရှိရသည်။ ယခုနှစ်အတွက် မဏ္ဍပ်ငယ်များကို ဗဟန်းဈေးတစ်လျှောက်၊ မြေနီကုန်းနှင့် ပါရမီလမ်း၊ ဦးချစ်မောင်လမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ရွှေဂုံတိုင်လမ်းမကြီး၊ မဟာဗန္ဓုလလမ်းမကြီးပေါ်နှင့် ဗညားဒလလမ်း၊ အလုံလမ်းမကြီးများပေါ်တွင် အများဆုံး တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် အလက(၁)၏ ၂၀၁၁-၂၀၁၂ ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ ရက်က ကျင်းပရာ စတုတ္ထတန်း ဘက်စုံပထမဆုရသော မောင်ထွန်းတိမ်ယံဦးအား ကျောင်းအုပ်ဆရာကြီး ဦးအုန်းကျော် ဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

ပျော်ဘွယ်မြို့နယ်၌ မေတ္တာဦး ဇီဝိတဒါနကုသိုလ်ဖြစ်ဆေးခန်းဖွင့်

ပျော်ဘွယ် ဧပြီ ၇

ပျော်ဘွယ်မြို့နယ် ကျောက်ချပ်ကျေးရွာ မေတ္တာဦး လူမှုကူညီရေးအသင်းက ဦးဆောင်၍ မေတ္တာဦးဇီဝိတဒါနကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲကို မတ် ၂၈ ရက် နံနက် ၉ နာရီက အဆိုပါဆေးခန်း၌ ကျင်းပရာ မေတ္တာဦး လူမှု ကူညီရေးအသင်းနာယက ကံသာဦးကျောင်းတိုက်ဆရာတော် ဦးဇဋိလ၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ရွှေညောင်ဖူးတိုက်နယ်ဆရာဝန် ဒေါက်တာမင်းခိုင်၊ မေတ္တာဦး လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်းနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကံသာဦးကျောင်းတိုက် ဆရာတော် ဦးဇဋိလ၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ရွှေညောင်ဖူးတိုက်နယ်ဆရာဝန် ဒေါက်တာ မင်းခိုင်တို့က မေတ္တာဦးဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆရာဝန် ဒေါက်တာမင်းခိုင်က ဆေးခန်း ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မေတ္တာဦး လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးမြင့်သိန်းက အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မေတ္တာဦး လူမှုကူညီရေးအသင်းဝင် ဒေါ်နီနီမြင့်က အသင်း၏ ရသုံးငွေစာရင်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၄၀)

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးရေလွှဲဆည်ကို တွေ့ရစဉ်။

ဘိုင်းဒါးရေလွှဲဆည်

- ❖ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ တည်ရှိသည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။
- ❖ အမြင့် ၂၀ ဒသမ ၅ ပေ၊ အကျယ်ပေ ၂၅၀၊ အလျား ၉၈ ပေရှိသည်။
- ❖ တူးမြောင်းမကြီးမှာ ၁၅ မိုင်ရှည်လျားပြီး လက်တံမြောင်း လေးခုပါရှိကာ အရှည် ၅၇ မိုင်ရှိသည်။
- ❖ ပြွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမိုးမှုနှင့် ရန်ကုန် - မန္တလေး ကားလမ်း၊ ရထားလမ်းများ မိုးတွင်းကာလ ရေကြီးမှုမှ ကာကွယ်ပေးနိုင်သည်။
- ❖ ဆည်ရေပေးနိုင်သည့် အကျိုးပြုဧကမှာ ၄၆၇၀၀ ဖြစ်သည်။

ဇောင်းတုရေလှောင်တမံ

- ❖ ပဲခူးမြို့နယ် ပတ်ဝန်းကျင်ဒေသများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်သည်။
- ❖ စိုက်ပျိုးမြေ ဧက ၃၆၀၀၀ ကျော်ကို အကျိုးပြုသည်။

ရဲနွယ်ရေလှောင်တမံ

- ❖ ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသည်။
- ❖ အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေရှိသည်။ မြေသားတမံအမျိုးအစားဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဇောင်းတုရေလှောင်တမံကို တွေ့ရစဉ်။

သတင်းမှတ်စု – မောင်ငြိမ်းအေး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။

8-4 (09).pmd 1 4/8/2012, 2:02 AM

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်ကုန်သည်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၇

နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဘဏ္ဍာရေးဆိုင်ရာ Credit Card နှင့် လုပ်ငန်းတန်ဖိုးမြင့်သော အိမ်သုံးလျှပ်စစ်ပစ္စည်းများ အရစ်ကျပေးချေဝယ်ယူသောစနစ်ကို မြန်မာနိုင်ငံ၌ စတင်လုပ်ဆောင်လိုခြင်းကိစ္စ၊ မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော ဘဏ်စနစ်လုပ်ငန်း အခြေအနေများနှင့် မြန်မာနိုင်ငံ၌ AEON ကုမ္ပဏီ၏ ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်လိုခြင်းကိစ္စများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့နှင့် ဂျပန်နိုင်ငံ AEON Thana Sinsap (Thailand) Public Co.,Ltd. မှ Managing Director YASUHIKO KONDO ခေါင်းဆောင်သည့်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက် နံနက် ၁၁ နာရီတွင် အသင်းချုပ်ရုံး၌ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

ပဲခူးမြို့ ဟသ်ာကုန်း မိုဘိုင်းလ်ဖုန်း ရေဒီယိုစခန်းသစ်ဖွင့်

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဟသ်ာကုန်း GSM/ UMTS မိုဘိုင်းလ်ဖုန်း ရေဒီယိုစခန်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ ရက်က အဆိုပါ စခန်း၌ကျင်းပရာ ဟသ်ာကုန်း GSM/UMTS ရေဒီယိုစခန်းသစ်တည်ဆောက်မှုနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးနှင့် E-lite ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး GSM/UMTS ရေဒီယိုစခန်းသစ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မန်နေဂျာနှင့်ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် GSM ရေဒီယိုစခန်းသစ်ဆိုင်းဘုတ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဆက်သွယ်ရေး)**

ရှင်းလင်းပြောကြား

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ ရွာသစ်ကြီးကျေးရွာတွင် မတ် ၂၈ရက်က မိုးပွင့်အဆင့်-၂ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ ကျင်းပရာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်လင်က အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားစဉ်။

(မြို့နယ်လဝက)

အခွန်ဆိုင်ရာကိစ္စရပ်များရှင်းလင်း

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီက ပဲခူးမြို့ ကမ္ဘောဇသာဒီခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ပြင်ဆင်ပြဋ္ဌာန်းလိုက်သော အခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အခွန်ထမ်းပြည်သူများနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး သန်လျင်မြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရန်ကုန် ဧပြီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာ အရှေ့ကျောင်းဓမ္မာရုံ၌ ရွှေဝါသီဟဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး အထူးပြု ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ဧပြီ ၅ ရက် နံနက်က တွေ့ဆုံပွဲကျင်းပသည်။ **(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ရွှေဝါသီဟ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးအထူးပြုကုမ္ပဏီမှ တောင်သူများအား သွင်းအားစုများဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ဆန်စပါးအထူး အထွက်နှုန်းကောင်းမွန်ရေး၊ စံပြစိုက်ကွင်းများဖော်ထုတ်ရေး၊ စိုက်ပျိုးရေးနည်းပညာ(၁၄)ချက်အား တိတိကျကျ လိုက်နာဆောင်ရွက်ရေး၊ စံပြဧက ၁၀၀၀ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန(သန်လျင်)မှ ဒုတိယဦးစီးမှူး ဒေါ်ခင်ထွေးဖြူက စိုက်ပျိုးရေးနည်းပညာများ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် မြန်မာနိုင်ငံဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၄၉)

ရွှေကူမြို့၌ ကတ္တရာလမ်းသစ်များ ဖွင့်ပွဲကျင်းပ

ရွှေကူ ဧပြီ ၇

ကချင်ပြည်နယ် ရွှေကူမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စံပြလမ်းအပိုင်း(၃) ဦးပုညလမ်းနှင့် ငထင်ငယ်ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကတ္တရာလမ်းသစ်နှင့်သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါကတ္တရာလမ်းသစ်မှာ အကျယ် ၁၂ ပေ၊ အရှည် ၁၅၉၅ ပေရှိပြီး ငွေကျပ်သိန်း ၁၆၅၄၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဆိုင်းဘုတ်တင်ပွဲကျင်းပ

မြို့လှ ဧပြီ ၇

ကချင်ပြည်နယ် မြို့လှမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ခွဲဦးစီးမှူးရုံး၏ရုံးဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၁၀နာရီခွဲက အဆိုပါစိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်းသိရှိရသည်။ **(စိုက်ပျိုးရေး)**

လှူဒါန်း

ရန်ကုန်မြို့ အမှတ်(၁၆) ပြည်ထောင်စုလမ်း ဗဟန်းမြို့နယ်နေ ဦးထင်အောင်ကျော်- ဒေါက်တာပပဝါမိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ဆန်အိတ် ၃၀ လှူဒါန်းရာ ရိပ်သာအဖွဲ့ဝင် ဦးတင်ဦး လက်ခံယူစဉ်။ (၀၀၉)

စာအုပ်စာပေ လှူမိတ်ဆွေ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၇

ညောင်ဦးမြို့နယ်၌ အလင်းရောင်စာကြည့်တိုက်ဖွင့်

ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ဘုန်းတော်ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက်က အဆိုပါ ကျေးရွာစာကြည့်တိုက်အဆောက်အအုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် စာကြည့်တိုက်အလှူရှင် ဆရာတော်ဦးသုန္ဒရတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ညောင်ဦး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ကျေးရွာစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ စာကြည့်တိုက်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အလှူရှင် ဆရာတော်ဦးသုန္ဒရက စာကြည့်တိုက်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် အဆိုပါစာကြည့်တိုက်ဆိုင်ရာ အချက်အလက်မှတ်တမ်းများကို ဘုန်းတော်ကျေးရွာ ရာအိမ်မှူး ဦးစောထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ဘုန်းတော် ကျေးရွာစာကြည့်တိုက်အတွက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်စာစောင်များ၊ အလှူရှင် ဒေါ်ခင်ပြုံးရီ (ချိုဇော် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)က Sky Net ရုပ်သံဖမ်းစက်နှင့်မန္တလေးမြို့နေ ဦးတင်လှ-ဒေါ်ခင်ကြိုင်မိသားစုက ရုပ်မြင်သံကြားစက်များ လှူဒါန်းကြရာအလှူရှင်များကိုယ်စား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပေးအပ်လှူဒါန်းခဲ့သဖြင့် စာကြည့်တိုက်ကော်မတီဝင်တစ်ဦးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (မြန်မာ့အလင်း)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်လှူဒါန်းပွဲကျင်းပ

ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင်အုပ်ချုပ်ရေး မှူး ဦးတေဇာအောင်ကအမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာအုပ်လှူဒါန်းပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစံဝေကစာဖတ်ခြင်းအကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေရေးရာများဟောပြောသည်။

ထို့နောက် စံ(၅)ရပ်ညီ စာကြည့်တိုက် ၁၀တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာတို့က သုတရသစာအုပ် ၂၉၆၃ အုပ်၊ ရေဒီယို၅၈ လုံး၊ တီဗွီသုံးလုံး စုစုပေါင်း ငွေကျပ်၂၃ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်နှင့်မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရသူများနှင့် ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ၌ အဖေမြင်လှည့် စေချင်ဝတ္ထုတိုဖြင့် အထူးဆုရရှိခဲ့သော စာရေးဆရာမောင်စံဝင်း (ဗန်းမော်) တို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သိပ္ပံနှင့်နည်းပညာသုတ သိပ္ပံနှင့်နည်းပညာသုတ သိပ္ပံနှင့်နည်းပညာသုတ သိပ္ပံနှင့်နည်းပညာသုတ

အာကာဟိန်း - စုစည်းသည်



(၇)ကြိမ်မြောက် နိုင်ငံတကာစက်ရုပ်ပြိုင်ပွဲ ဘောလုံး၊ ရေကူး၊ ကယ်ဆယ်ရေးပွဲစဉ်များပါဝင်

တီဟီရန် ဧပြီ ၇

အီရန်နိုင်ငံ တီဟီရန်မြို့တွင် (၇)ကြိမ်မြောက် နိုင်ငံတကာစက်ရုပ်အားကစားပြိုင်ပွဲတစ်ရပ် (အပေါ်ပုံ)ကို ဧပြီ ၅ ရက်က စတင်ကျင်းပကြောင်း အီရန်နိုင်ငံ အိုင်အာအင်န်အေသတင်းဌာနက ဧပြီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ အိန္ဒိယ၊ ဘရာဇီး၊ တရုတ်၊ ဂျာမနီ၊ နယ်သာလန်၊ ပါကစ္စတန်၊ ဂျပန်၊ ဗြိတိန်၊ ဂရိ၊ ပေါ်တူဂီ၊ မက္ကဆီကိုနှင့် ချက်နိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၃ နိုင်ငံမှ စက်ရုပ်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၃ နိုင်ငံမှ စက်ရုပ်အသင်းပေါင်း ၃၅၉ သင်း ပါဝင်ဆင်နွှဲကြသည်။ ၎င်းပြိုင်ပွဲတွင် စက်ရုပ်ဘောလုံးပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ ကယ်ဆယ်ရေးစက်ရုပ်အသင်းပြိုင်ပွဲစသည်တို့ ယှဉ်ပြိုင်ကြသည်။

ဧပြီ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် နိုင်ငံတကာစက်ရုပ်ပြိုင်ပွဲတွင် စက်ရုပ်ဘောလုံးပြိုင်ပွဲမှာ ပရိသတ်စိတ်ဝင်စားမှုနှင့် အားပေးမှု အရှိဆုံးဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

စူပါမားကတ်နှင့်စတိုးဆိုင်ကြီးများသို့ စေလွှတ်နိုင်သည့် ဈေးဝယ်စက်ရုပ်ထုတ်လုပ်ပြီ

လော့စ်အိန်ဂျလိစ် ဧပြီ ၇

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာသိပ္ပံမှ သိပ္ပံပညာရှင်များက ဈေးဝယ်စက်ရုပ်အမျိုးအစားသစ်ကို တီထွင်ထုတ်လုပ်လိုက်ကြောင်း ဧပြီ ၆ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ ဈေးဝယ်စက်ရုပ်သည် မအားမလပ်သော အိမ်သူအိမ်သားများအတွက် စတိုးဆိုင်ကြီးများနှင့်စူပါမားကတ်များတွင် ဈေးဝယ်ပေးရာ၌ လူသားတစ်ဦးထက်ပင်တိကျသော ကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူနိုင်သည်။ **(ယာပုံ)**

စက်ရုပ်ဦးခေါင်းတွင်တပ်ဆင်ထားသော မှတ်ဉာဏ်ပြားတွင် ဝယ်လိုသောကုန်ပစ္စည်းများစာရင်းကိုထည့်သွင်းပေးလိုက်ခြင်းဖြင့် အဆိုပါစူပါမားကတ်ကြီးပေါ်သို့ တက်ရောက်ကာ အလိုရှိသောကုန်ပစ္စည်းများကို လိုက်လံရွေးချယ်ပြီး ခြင်းတောင်းအတွင်းထည့်၍ ငွေရှင်းကောင်တာတွင် ကျသင့်ငွေရှင်းကာ အိမ်သို့ချောမွေ့စွာပြန်လာနိုင်သည့် စက်ရုပ်ဖြစ်သည်။ အဆိုပါစက်ရုပ်အမျိုးအစားများနှင့် အင်းဆက်ပိုးအရွယ်အစားရှိသော လေ့လာရေးစက်ရုပ်အမျိုးအစားတစ်မျိုးကို ဆက်လက်ထုတ်လုပ်သွားရန် မက်ဆာချူးဆက် သိပ္ပံပညာရှင်များက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည် ဖြစ်သည်။

၎င်းလေ့လာရေးစက်ရုပ်သည် ကန့်သတ်ထားသောနယ်မြေများအတွင်းဝင်ရောက်ကာ ထောက်လှမ်းလေ့လာနိုင်သည့် အရွယ်အစားသေးငယ်သည့် စက်ရုပ်ဖြစ်သည်။ ၎င်းအင်းဆက်အရွယ်အစားရှိ လေ့လာရေးစက်ရုပ်ကို ပေါ့ပါးစေရန်အတွက် ပလတ်စတစ်နှင့်အခြားပေါ့ပါးသော ကုန်ကြမ်းပစ္စည်းများကိုသာ ရွေးချယ်အသုံးပြု ထုတ်လုပ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

F-type အမျိုးအစားပြိုင်ကားထုတ်လုပ်

လန်ဒန် ဧပြီ ၇

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ရှိ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဂျာဂွါက F-type အမျိုးအစား ပြိုင်ကားကို ထုတ်လုပ်လိုက်ကြောင်း ဧပြီ ၆ ရက်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အထူးတီထွင်ထုတ်လုပ်

F-type အမျိုးအစား ပြိုင်ကားသည် မည်သည့်မြေအမျိုးအစား၊ လမ်းအမျိုးအစားများတွင်မဆို အန္တရာယ်အနည်းဆုံး မောင်းနှင်သွားလာနိုင်အောင် အင်ဂျင်နှင့် ကားကိုယ်ထည်အစိတ်အပိုင်းအားလုံးကို အထူးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ဂျာဂွါကုမ္ပဏီသည် ယခင်က C-type၊ D-type၊ E-type အမျိုးအစားကားများကိုထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ရာ ယင်းကားအမျိုးအစားများထက် ကြံ့ခိုင်မှုပိုမိုကောင်းမွန်သော F-type အမျိုးအစားကားကို ထပ်မံထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

ယခုထုတ်လုပ်လိုက်သည့် F-type အမျိုးအစားပြိုင်ကားသည် ကားမောင်းပြိုင်ပွဲများတွင် အသုံးပြုနိုင်ပြီး C-X16 အမျိုးအစားကား၏ ဖွဲ့စည်းတည်ဆောက်ပုံကို အခြေခံကာ ဒီဇိုင်းအသစ်ဖြင့် ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

➤ အာကာကျော် – စုစည်းသည် ➤

Broadband အင်တာနက်သုံးခဲ့သူ တရုတ်နိုင်ငံ၌ ၁၅၆ သန်းရှိ

ပေကျင်း ဧပြီ ၇

*တရုတ်နိုင်ငံသည် Broadband အင်တာနက်အသစ် ထပ်မံသုံးခဲ့သူ ယခုနှစ်တွင် သန်း ၂၀ အထိ ရှိလာနိုင်ကြောင်း မျှော်လင့်ထားပြီး ၂၀၁၅ ခုနှစ်အရောက်တွင် စုစုပေါင်းသန်း ၂၅၀ အထိရှိလာနိုင်ကြောင်း နိုင်ငံ၏ထိပ်တန်းလုပ်ငန်းညှိနှိုင်းရေးမှူးက ပြောကြားကြောင်း ဧပြီ ၆ ရက် အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)***

တရုတ်နိုင်ငံသည် Broadband အင်တာနက်မြန်ရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိသားစု ၃၅ သန်းကို Broadband အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း စက်မှုနှင့်အိုင်တီနည်းပညာဝန်ကြီး မော်ဝေကပြောကြားသည်။

မျှော်လင့်ထား

တရုတ်နိုင်ငံ၏ Broadband အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို (၁၂) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅)အရ ဆောင်ရွက်လျက်ရှိသည်။ အင်တာနက်မြန်နှုန်းကို ၂၀၁၅ ခုနှစ်အရောက်တွင် တစ်စက္ကန့် ၂၀ မီဂါဘိုက်မြန်ရန် မျှော်လင့်ထားသည်။

တရုတ်နိုင်ငံတွင် ၂၀၁၁ ခုနှစ်အကုန်တွင် Broadband အင်တာနက် သုံးစွဲသူဦးရေ ၁၅၆ သန်းရှိသည်။ အင်တာနက်အသုံးပြုမှု ၈၃ ရာခိုင်နှုန်းသည် မြန်နှုန်းတစ်စက္ကန့် ၂ မီဂါဘိုက်သာ သုံးစွဲနေကြရသည်။ မိသားစု၏ ၄၅ သန်းခန့်မှာ အင်တာနက်အသုံးပြုနေလျက်ရှိကြောင်းသိရှိရသည်။ ***(အင်တာနက်)***

e-book ဖတ်ရမည့် ခေတ်သို့ရောက်ပြီ

နယူးယောက် ဧပြီ ၇



အမေရိကန်နိုင်ငံတွင် စာအုပ်ချစ်သူများ e-book ကိုတွင်ကျယ်စွာသုံးစွဲလာကြကြောင်းစစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။ **(ယာပုံ)**

သုံးစွဲမှုများပြား

လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၌ အရွယ်ရောက်သူ ငါးပုံတစ်ပုံသည် e-book ကို သုံးစွဲလာကြကြောင်း၊ e-book အမျိုးအစားသစ်များ ပေါ်ထွက်လာခြင်းကြောင့်လည်း သုံးစွဲမှုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

အရွယ်ရောက်သူ e-book ဖတ်သူ ရာခိုင်နှုန်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလ အလယ်တွင် ၁၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ဖေဖော်ဝါရီလတွင် ၂၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဘီလ်နှင့် မီလင်ဒါဂိတ်ဖောင်ဒေးရှင်းက တည်ထောင်ပေးထားသည့် Pew သုတေသနဌာနက ထုတ်ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် အရွယ်ရောက်သူ ၇၂ ရာခိုင်နှုန်းသည် ပြီးခဲ့သည့်နှစ်က ပုံနှိပ်စာအုပ်များကို ဖတ်ရှုခဲ့ကြသည်။ သို့သော်လည်း အများစုက e-book ကို ဖတ်ရှုလိုကြသည်။ အကြောင်းမှာ လွယ်ကူမြန်ဆန်ခြင်းကြောင့်ဟုဆိုသည်။ (အင်တာနက်)

အိုင်တီနည်းပညာသုံးစွဲမှုအများဆုံးနိုင်ငံ ဆွီဒင် နံပါတ်တစ်နေရာတွင်ရှိ

နယူးယောက် ဧပြီ ၇

ဆွီဒင်နိုင်ငံသည် နိုင်ငံ၏ ကဏ္ဍစုံယှဉ်ပြိုင်စွမ်းအားကို မြှင့်တင်ရန် နည်းပညာဩဇာအရှိန်အဝါ မြှင့်တင်နိုင်ခဲ့ခြင်းကြောင့် (၁၁)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အိုင်တီနည်းပညာအစီရင်ခံစာတွင် ဆွီဒင်နိုင်ငံကထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ကြောင်း ဧပြီ ၅ ရက်ကထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ *(ဝဲပုံ)*

ထုတ်ပြန်ခဲ့

ထိုအတောအတွင်း စင်ကာပူနိုင်ငံက ဒုတိယအိုင်တီနည်းပညာအမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြသည်။ ယင်းတို့နောက်မှ ဖင်လန်၊ ဒိန်းမတ်နှင့် ဆွီဒင်နိုင်ငံတို့က အသီးသီးအိုင်တီနည်းပညာအသုံးပြုမှု အမြင့်မားဆုံးနိုင်ငံများဖြစ်ကြသည်။အမေရိကန်နိုင်ငံက နံပါတ်ရှစ်နေရာ နှင့် ဗြိတိန်နိုင်ငံက နံပါတ် ၁၀ တွင်ရှိသည်။ တရုတ်နိုင်ငံက အိုင်တီနည်းပညာသုံးစွဲမှုတွင် နံပါတ် ၅၁ တွင် ရှိသည်။ တရုတ်နိုင်ငံသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ)ကို အပြည့်အဝသုံးစွဲနိုင်ရေး အရေးကြီးသော စိန်ခေါ်မှုများရှိနေသည်။ အဆိုပါ အိုင်တီနည်းပညာ အစီရင်ခံစာသည် ကမ္ဘာ့စီးပွားရေးအချက်အချာကျရာနေရာ ၁၄၂ နေရာမှ စစ်တမ်းကောက်ယူခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

အာကာဟိန်း - စုစည်းသည်

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဂျုန်ဂျီဝမ် လက်ထပ်တော့မည်

ဆိုးလ် ဧပြီ ၇

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဂျုန်ဂျီဝမ် **(ယာပုံ)**ဟာ လာမယ့်ဧပြီ ၁၃ ရက်မှာ ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ချိုဂျန်ဟွတ်ခ်နဲ့ လက်ထပ်တော့မှာဖြစ်တယ်လို့ သူမရဲ့အနုပညာလုပ်ငန်းကုမ္ပဏီမှ ဧပြီ ၇ ရက်မှာ သတင်းထုတ်ပြန်လိုက်ပြီ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဆိုးလ်မြို့မှာရှိတဲ့ ရှီလာဟိုတယ်မှာ မင်္ဂလာလက်ထပ်ပွဲ ကျင်းပမှာဖြစ်ပြီး ရုပ်ရှင်မင်းသမီး ဂျုန်ဂျီဝမ်နဲ့ ချိုဂျန်ဟွတ်ခ်တို့နှစ်ဦးစလုံးဟာ အသက် ၃၁ နှစ်အရွယ်ရှိပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်ခဲ့ကြကြောင်း တရားဝင်ထုတ်ဖော်ပြောကြားပြီးလည်း ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ဂျုန်ဂျီဝမ်ဟာ My Sassy Girl၊ Blood: The Last Vampire စတဲ့ ဇာတ်ကားတွေမှာ နာမည်ကြီးခဲ့သူဖြစ်ပါတယ်။ အခုလောလောဆယ်မှာတော့ ဒါရိုက်တာဂူဆောင်ဝမ်ရိုက်ကူးနေတဲ့ Berlin အမည်ရှိဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ စာမျက်နှာ ၇ ကော်လံ ၄ ❒

ဒါရိုက်တာဂျိမ်းကင်မရွန်း၏ Avatar-2 ဇာတ်ကား ရိုက်ကူးမှုဆိုင်ရာ အခက်အခဲကြောင့် နှောင့်နှေး

လော့စ်အိန်ဂျလိစ် ဧပြီ ၇

ကမ္ဘာကျော် ရုပ်ရှင်ကားတိုင်တန်းနစ်ကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ဂျိမ်းကင်မရွန်းသည် Avatar-2 အမည်ရှိ ဇာတ်ကားရိုက်ကူးလျက်ရှိရာ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးမှုနှင့်ပတ်သက်ပြီး အခက်အခဲများနှင့် တိုင်တန်းနစ် 3D ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းတို့ တိုက်ဆိုင်နေမှုကြောင့် ၂၀၁၅ ခုနှစ် မတိုင်မီအထိ နှောင့်နှေးကြန့်ကြာနေဦးမည် ဖြစ်ကြောင်း ၎င်းဇာတ်ကားထုတ်လုပ်သူ ဂျွန်လန်ဒူက ဧပြီ ၆ ရက်တွင် ပြောကြားသည်။

Avatar-2 ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း

ဒါရိုက်တာဂျိမ်းကင်မရွန်း၏ Avatar ဇာတ်ကားသည် မကြာမီနှစ်များက ရုံတင်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး လျှို့ဝှက်ဆန်းကြယ်သော ဇာတ်လမ်းနှင့် ဇာတ်ကောင်များစရိုက်ကြောင့် ကမ္ဘာတစ်ဝန်းမှပရိသတ်များ နှစ်သက်အားပေးခဲ့ကြသည်။ Avatar ဇာတ်ကား၏ နောက်ဆက်တွဲ စာမျက်နှာ ၇ ကော်လံ ၃ ❖

နိုင်ငံတကာသတင်း

ကိုသစ္စာ - ရေးသားသည်

အမေရိကန်ရှိ လူတစ်ဦးတည်းနေသော မြို့ငယ်လေးအား လေလံတင်ရောင်းချ

ဝါရှင်တန် ဧပြီ ၇

အမေရိကန်နိုင်ငံ ဝိုမင်ပြည်နယ်အတွင်းရှိ အလွန်သေးငယ်သော ဘူဖို့ဒ်အမည်ရှိ မြို့ငယ်လေးကို ဧပြီ ၅ ရက်က လေလံတင်ရောင်းချခဲ့ရာ အမေရိကန် ဒေါ်လာ ၉၀၀၀၀၀ ရရှိခဲ့ကြောင်း ဧပြီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ အဆိုပါ ဘူဖို့ဒ်မြို့ကို ဒန်ဆမ်မွန်အမည်ရှိ အမျိုးသားတစ်ဦးကပိုင်ဆိုင်ပြီး ယင်းမြို့တွင် ၎င်းတစ်ဦးတည်းသာ နေထိုင်ခြင်းဖြစ်သည်။ ဘူဖို့ဒ်မြို့တွင် စာသင်ကျောင်းတစ်ကျောင်း၊ ဓာတ်ဆီဆိုင်တစ်ဆိုင်နှင့် အိပ်ခန်းသုံးခန်းပါရှိသော အိမ်တစ်လုံးသာရှိသည်။ **(အောက်ပုံ)**

၎င်းမြို့ငယ်လေးအား လေလံတင်ရောင်းချရာတွင် ကနဦး၌ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် စတင်ဈေးဖွင့်ပြီး အပြိုင်ဝယ်ယူခဲ့ရာ အမည်မဖော်လိုသူ ဗီယက်နမ်နိုင်ငံသားနှစ်ဦးက အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ ဖြင့် လေလံအောင်သွားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

နိုင်ငံတကာအားကစား

မြင့်မောင်စိုး - စုစည်းသည်

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ ဝီဂန်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

ချယ်လ်ဆီး အိမ်ကွင်း၌အနိုင်ရ

လန်ဒန် ဧပြီ ၇

ပရီမီယာလိဂ်ပွဲစဉ် (၃၂)ဘောလုံးပြိုင်ပွဲများကို ဧပြီ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အစောပိုင်းပြိုင်ပွဲအဖြစ် ဆန်းဒါးလန်းအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ချယ်လ်ဆီးက အီဗာနိုဗစ်နှင့် မာတာတို့၏ ဂိုးများဖြင့် အနိုင်ရခဲ့သည်။

စပါးအသင်းသည် ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း အမှတ်ပေးဇယားနံပါတ်သုံးနေရာတွင် လောလောဆယ်ရပ်တည်နေသည်။ အိမ်ရှင်ဆန်းဒါးလန်းအသင်းက ခံစစ်လုံအောင် စာမျက်နှာ ၇ ကော်လံ ၃ ❍

ဘောလုံးပရိသတ်တွေကို ညှို့ယူဖမ်းစားမယ့် မန်ယူ-ကျူပီအာ၊ အာဆင်နယ်-မန်စီးတီးပွဲများ

လန်ဒန် ဧပြီ ၇

မန်ယူနဲ့ ကျူပီအာတို့ဟာ ဧပြီ ၈ ရက် ညနေပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီပွဲဟာ မန်ယူဖလားရဖို့အတွက် အရေးကြီးတဲ့ ပြိုင်ပွဲတစ်ပွဲပါပဲ။ မန်ယူတို့ ပြိုင်ဘက်မန်စီးတီးကို အမှတ်အသာရနိုင်ဖို့ အနိုင်ကစားမယ်လို့ မျှော်လင့်ပါတယ်။

လက်ရှိ မန်ယူအသင်းဟာ ပြိုင်ဘက်မန်စီးတီးကို ငါးမှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ မန်ယူတို့ အိမ်ကွင်းကစားရမှာဆိုတော့ အနည်းဆုံး နှစ်ဂိုးပြတ်သွင်းယူမယ်လို့ ခန့်မှန်းရပါတယ်။ ကျူပီအာကတော့ ဒီပွဲမှာ သူ့ရဲ့ တန်းဆင်းဇုန် လွတ်မြောက်ရေးကြိုးပမ်းမှုအတွက် ရုန်းကန်နေရဦးမယ့် အနေအထားပါပဲ။ စာမျက်နှာ ၇ ကော်လံ ၁ ■

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။ ဧပြီ ၂၁ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သင်္ကြန်အကြိုမြင်ကွင်း သတင်းပဒေသာ သင်္ကြန်အကြိုမြင်ကွင်း သတင်းပဒေသာ

ခင်ရတနာ - စုစည်းသည်

သင်္ကြန်ကာလ ရေပက်လိုသူများအတွက် မဏ္ဍပ်အလိုက် ရေပိုက်ဈေးနှုန်းများ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့၌ အတာသင်္ကြန်ပွဲကျင်းပရန်အတွက် မဏ္ဍပ်ကြီးများ စတင်တည်ဆောက်လျက်ရှိနေပြီး ရေပက်လိုသူများအနေနှင့် သင်္ကြန်ရက်အပြည့် ရေပက်လိုပါက ရေပိုက်တစ်ပိုက်လျှင် ငွေကျပ်နှစ်သောင်းခွဲမှ ငွေကျပ် ခြောက်သောင်းအထိ ဈေးမြင့်လျက်ရှိကြောင်း မဏ္ဍပ်ဆောက်လုပ်သူများထံက သိရှိရသည်။

“ပိုက်ဈေးတွေက ကြီးတယ်လို့တော့မထင်ပါဘူး။ ကုန်ကျစရိတ်ကလည်း မဏ္ဍပ်တစ်ခုဖြစ်လာဖို့အတွက် သိပ်များပြားတယ်လေ။ အသံစနစ်အတွက် တစ်ခုတည်းတောင် စာမျက်နှာ ၈ ကော်လံ ၂ ●

ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းတစ်နေရာရှိ ဆောက်လုပ်ဆဲ မဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။

သင်္ကြန်မဏ္ဍပ်ငယ်များ နေရာနှင့် ထောက်ပံ့သူ အခက်အခဲများကြောင့် ဆောက်လုပ်သူနည်းပါး

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့တွင်းရှိ မြို့နယ်အများစု မော်တော်ယာဉ်စည်ကားရာ လမ်းမများပေါ်၌ မဏ္ဍပ်ငယ်နှင့် မဏ္ဍပ်အလတ်စား ဆောက်လုပ်လိုသူများအနေဖြင့် နေရာအခက်အခဲနှင့် တွေ့ကြုံရခြင်းအပြင် ထောက်ပံ့ပေးမည့် ကြော်ငြာကုမ္ပဏီ နည်းပါးလာခြင်းတို့ကြောင့် ဆောက်လုပ်သူများအဖို့ အခက်အခဲများရင်ဆိုင်နေရပြီး မဏ္ဍပ်ကြီးများ ပေါ်များသော်လည်း မဏ္ဍပ်ငယ်များ ရှားပါးလျက်ရှိနေကြောင်း သိရှိရသည်။

“မဏ္ဍပ်က ကိုယ့်ရပ်ကွက်ထဲမှာ ဆောက်ချင်တာပါ။ လမ်းမတန်းပေါ်မှာ ဆောက်ရမှာဆိုတော့ နေရာအတွက် စာမျက်နှာ ၈ ကော်လံ ၃ ◆